မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလကွယ်နေ့ ၊ ၂၀၁၁ ခုနှစ်၊ မေ ၂ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၀၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတဦးသိန်းစိန် ချစ်ကြည်ရေးခရီးသွားရောက်ရန်နှင့် ဂျကာတာမြို့၌ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်

အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ သွားရောက်မည်

နေပြည်တော် မေ ၂

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဒေါက်တာဆူစီလို ဘန်ဘန်းယူဒိုရိုနို၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ချစ်ကြည်ရေးခရီးသွားရောက်ရန်နှင့် ဂျကာတာမြို့၌ကျင်းပမည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့ တက်ရောက်ရန် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် ပေါ်ထွန်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်နေစေရေးတွင် အဓိကမဏ္ဍိုင်ဖြစ်သော ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၏ တိုးတက်မှုသည် အထူးအရေးကြီးသည့်အတွက် နိုင်ငံတော်အနေဖြင့် အခြေအနေကောင်းများ၊ အခွင့်အလမ်းများ၊ ပံ့ပိုးပေးမှုဖြစ်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အသင်းချုပ်ကြီးကဦးဆောင်ပြီး လုပ်ငန်းရှင်များအားလုံး တက်ညီလက်ညီ ဆောင်ရွက်။

နိုင်ငံ့စီးပွားရေးရေရှည်တိုးတက်ရန် လယ်ယာဖွံ့ဖြိုးမှုမှ စက်မှုကဏ္ဍတိုးတက်အောင်လုပ်ဆောင် ကုန်သွယ်မှုမြင့်တင်နိုင်သည်နှင့်အမျှ တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးမှုမြင့်မားလာမည်

မိမိလုပ်ငန်းများ ရပ်တည်နိုင်အောင် အခြေခံခိုင်မာသော လုပ်ငန်းများဖြစ်ရေးပိုမိုကြိုးပမ်း

နေပြည်တော် မေ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပရာ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးတက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံနှင့် အောက်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ ✻

2-5 (01).pmd 1 5/2/2011, 3:44 AM

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မေ ၂ ရက်)

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံသည် အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်၏ စီးပွားရေးစနစ်ကို ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဖော်ဆောင်လျက်ရှိသည်။ ဈေးကွက်စီးပွားရေးစနစ် ပေါ်ပေါက်လာရေးအတွက် လိုအပ်သည့်အခြေခံအဆောက်အအုံများ၊ ဥပဒေ၊ နည်းဥပဒေများ လုပ်ထုံးလုပ်နည်းများကို ချမှတ်ခဲ့ပြီး ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို မေလ ၁ ရက်နေ့က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ကျင်းပခဲ့ရာ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး တက်ရောက် အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကာလတို (၅)နှစ် စီမံကိန်းများချမှတ်ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိရာ ပဉ္စမကာလတို (၅)နှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တစ်နှစ် ပျမ်းမျှတိုးတက်မှုနှုန်း ၁၀ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားသည်။ ယင်းရည်မှန်းချက် ပြည့်မီအောင်မြင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ဦးဆောင်မှုဖြင့် ပုဂ္ဂလိကကဏ္ဍသည် အဓိက ပါဝင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးခြင်းဖြစ်သည့်အတွက် ကုန်သွယ်မှုမြှင့်တင်နိုင်သည်နှင့်အမျှ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည်လည်း မြင့်မားလာမည်ဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ် စတင်ကျင့်သုံးသည့် ၁၉၈၈-၈၉ ခုနှစ်ထက် ယနေ့အချိန်တွင် ကုန်သွယ်မှုတန်ဖိုးသည် အဆ (၂၀) နီးပါး သိသိသာသာ တိုးတက်လာခဲ့သည်။

ခေတ်အဆက်ဆက် မြန်မာ့စီးပွားရေးသည် ဆန်စပါးကိုသာ အားထားမှီခိုနေခဲ့ရသော်လည်း ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရ၏အားပေးမှု၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကြိုးစားအားထုတ်မှုကြောင့် လယ်ယာကဏ္ဍတွင် ဆန်စပါးအပြင် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာပို့ကုန်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့တင်ပို့နိုင်ခဲ့သည်။ ပို့ကုန်အမယ်သစ်များဖြစ်သော သဘာဝဓာတ်ငွေ့၊ အသင့်ချုပ်ပြီးအထည်၊ ရေထွက်ပစ္စည်း၊ ကျောက်မျက်ရတနာများကိုပါ တင်ပို့လာနိုင်ခဲ့သည်။

သို့ဖြစ်ပေရာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်ပေါ်ထွန်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကမဏ္ဍိုင်ဖြစ်သော ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၏ တိုးတက်မှုသည် အထူးအရေးပါလျက်ရှိရာ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုန်သည်များသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့ ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဟသ်ာတ-ဆုံကုန်း-မြန်အောင်-ကြံခင်းလမ်း တိုးတက်ကောင်းမွန်ရေး ပြုပြင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဧပြီ ၂၇ ရက် နံနက်ပိုင်းက စကြော့-ဓနုဖြူ-ဇလွန်-ဟသ်ာတလမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆွေးနွေးမှာကြား

မွန်းလွဲပိုင်းတွင် ဟသ်ာတခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာရုံး၌ ဟသ်ာတ-ဆုံကုန်း-မြန်အောင်-ကြံခင်းလမ်း တိုးတက်ကောင်းမွန်ရေးပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှ တာဝန်ခံများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ) (သတင်းစဉ်)

လက်ဝှေ့ပြိုင်ပွဲ မော်လမြိုင်ကျွန်း၌ကျင်းပ

မော်လမြိုင်ကျွန်း မေ ၁

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အပြည်ပြည်ဆိုင်ရာ လက်ဝှေ့ပြိုင်ပွဲကို ဧပြီ ၂၄ ရက်မှ ၂၇ ရက်အထိ မော်လမြိုင်ကျွန်းမြို့ မော်ရွှေဝါခန်းမ၌ ကျင်းပပြီး နောက်ဆုံး ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဧပြီ ၂၇ ရက် ည ၈ နာရီက အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ယင်းပြိုင်ပွဲတွင် အတန်းလိုက် သက်ငယ်တန်းတွင် အကောင်းဆုံးလက်ဝှေ့သမားဆုရရှိသူ နိုင်လတ်(လပွတ္တာခရိုင်)နှင့် တိုင်းဒေသကြီးအဆင့် အကောင်းဆုံး လက်ဝှေ့သမားဆုရရှိသူ သက်ထွန်းအောင် (လပွတ္တာခရိုင်)တို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် သက်ငယ်တန်းဆုဖလား၊ တိုင်းဒေသကြီးအဆင့် ဆုဖလားနှင့် တံခွန်စိုက်ဆုဖလားရရှိသည့် လပွတ္တာခရိုင် လက်ဝှေ့အဖွဲ့မှ အသင်းအုပ်ချုပ်သူနှင့် နည်းပြတို့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေမောင်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ (အပေါ်ပုံ) (ဝဇ၅)

ကျေးလက်ကားလမ်းသစ် မင်းတပ်မြို့နယ်၌ဖွင့် ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေ

မင်းတပ် မေ ၁

မင်းတပ်မြို့နယ် မချီရွာသစ်မှ ရိုးဖောင်ရွာ-လှတီရွာ-ကြုတ်ရွာ လေရှီရွာသွား မော်တော်ကားလမ်းသစ် ဖွင့်ပွဲကို မတ် ၁၉ ရက် ညနေ ၅ နာရီခွဲက ရိုးဖောင်ရွာ၌ ကျင်းပရာ လမ်းသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းငွေ၊ နယ်စပ်/ စည်ပင်လက်ထောက်ညွှန်ကြားရေးမှူး ဦးရမ်ပေား၊ မြို့မိမြို့ဖ ဦးဂေလိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

သွားလာနိုင်

အဆိုပါ မော်တော်ကားလမ်းမှာ လမ်းအရှည် ၂၉ မိုင် ၂ ဖာလုံရှိပြီး အဆိုပါကားလမ်းသစ်ဖွင့်လှစ်ပေးနိုင်ခြင်းအတွက် ဒေသခံတိုင်းရင်းသား ညီအစ်ကိုများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စွာ သွားလာနိုင်ကြပြီ ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးမြို့ မြို့မဈေးကြီးတွင် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဧပြီ ၁၄ ရက်က ဈေးပတ်လည် ရေနုတ်မြောင်းများ စက်ယန္တရားဖြင့် တူးဖော်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးရန်မျိုးအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

2-5 (02).pmd 1 5/2/2011, 3:44 AM

❖ *ကျော်ဖုံးမှ*

အထောက်အကူဖြစ်စေမည့် ယဉ်ကျေးမှု စရိုက်လက္ခဏာများ မျှဝေရေးဆိုင်ရာ အာဆီယံကြေညာချက် ထုတ်ပြန်နိုင်ရေး စသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအနေဖြင့် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဖူလုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေး၊ လူမှုရေးဆိုင်ရာ တရားမျှတမှုရရှိရေးနှင့် လူမှုအခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရေး၊ အာဆီယံသွင်ပြင်လက္ခဏာများ တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်နည်းပါးစေရေးတို့အတွက် မိမိနိုင်ငံအတွင်း အမျိုးသားအဆင့်လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိသည့်အပြင် ကျန်အာဆီယံနိုင်ငံများ၏ အမျိုးသားအဆင့်စီမံချက်များနှင့် သဟဇာတဖြစ်စွာ ဆက်စပ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ချမှတ်ဆောင်ရွက်

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းများတွင် ၂၀၀၈ခုနှစ် နာဂစ်မုန်တိုင်းသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေး၊ လူမှုစီးပွားဘဝ ပိုမိုကောင်းမွန်စေရေး ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် အနာဂတ်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း လျင်မြန်ထိရောက်စွာ လုပ်ဆောင်ရာတွင် ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများမှာ အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်သဖြင့် "အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဗဟိုဌာန တစ်ခုတည်ထောင်ရန်" ဆိုသည့် အဆိုပြုချက်ကို အပြည့်အဝ ထောက်ခံပါကြောင်း။

စီစဉ်ထား

မြန်မာနိုင်ငံတွင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ၌ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီအခြေပြုလုပ်ငန်းစဉ်ပါ မဟာဗျူဟာရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များကို ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ၁၉၈၁ ခုနှစ်မှ စတင်၍ အဝေးသင်တက္ကသိုလ်ပညာရေးစနစ်ကို ဖော်ဆောင်ပြီး အထက်တန်းပညာ သင်ကြားအောင်မြင်ပြီးသူများအားလုံး အဆင့်မြင့်ပညာသင်ကြားနိုင်အောင် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံခြားဘာသာသင် တက္ကသိုလ်များကိုလည်း ဖွင့်လှစ်ထားရှိပြီး အာဆီယံနိုင်ငံများမှဘာသာများအပြင် အခြားနိုင်ငံခြားဘာသာများ သင်ယူနိုင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံနိုင်ငံဆိုင်ရာ လေ့လာမှု ဘာသာတွဲကိုလည်း တက္ကသိုလ်များတွင် ဘွဲ့ကြိုကျောင်းသားများအား သင်ကြားနိုင်ရန် စီစဉ်ထားပါကြောင်း။

ကြိုဆိုထောက်ခံ

ပြည်သူ့ ကျန်းမာရေးကဏ္ဍ၊ အရေးပေါ် ကျန်းမာရေးအခြေအနေများ စီမံခန့်ခွဲမှုနှင့် ကူးစက်ရောဂါတားဆီးကာကွယ်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်များကို ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ထောင်စုနှစ်ရည်မှန်းချက်ပါ မွေးဖွားစကလေးသေဆုံးမှုလျှော့ချရေး၊ ကိုယ်ဝန်ဆောင်မိခင်များ၏ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေး၊ HIV၊ AIDS နှင့် ငှက်ဖျားရောဂါအပါအဝင် အခြားကူးစက်ရောဂါများ တိုက်ဖျက်ရေးနှင့် HIV၊ AIDS ပြန့်ပွားမှုနှုန်း လျှော့ချရေး လုပ်ငန်းများကို ပြည်တွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ အင်ဒိုနီးရှားနိုင်ငံတွင်ပြုလုပ်မည့် အာဆီယံထိပ်သီးအစည်းအဝေး၌ HIV၊ AIDS ဆိုင်ရာ အာဆီယံကြေညာစာတမ်း ဆယ်နှစ်ပြည့် အခမ်းအနား ကျင်းပရန် အဆိုကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုထောက်ခံပါကြောင်း။

မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်းပါဝင်ဆောင်ရွက်နိုင်မှု တိုးမြှင့်ရေးဆိုင်ရာ အစီအစဉ်များကို မြန်မာနိုင်ငံက ထောက်ခံအားပေးပါကြောင်း၊ မြန်မာနိုင်ငံတွင် မသန်စွမ်းသူပေါင်း ၁ ဒသမ ၃ သန်းခန့်ရှိပြီး လူမှုဝန်ထမ်းဦးစီးဌာနက ၎င်းတို့၏ ပညာရေး၊ လူမှုရေးနှင့် အားကစားဆိုင်ရာ လှုပ်ရှားမှုများကို မြို့နယ်အဆင့်မှ နိုင်ငံတော်အဆင့်အထိ အဆင့်ဆင့် ဆောင်ရွက်ပေးလျက် ရှိသည့်အပြင် မသန်စွမ်းသူများဆိုင်ရာ လုပ်ငန်းစီမံချက် (၂၀၁၀-၂၀၁၂) ကိုလည်း ရေးဆွဲအကောင်အထည်ဖော်လျက် ရှိပါကြောင်း။

ဆွေးနွေးပြောကြား

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းကောင်း နိုင်ငံတစ်နိုင်ငံအဖြစ် လည်းကောင်း၊ အာဆီယံအဖွဲ့ဝင် နိုင်ငံကောင်းအဖြစ်လည်းကောင်း ဆက်လက်ရပ်တည်သွားမည်ဖြစ်ပြီး ယနေ့မြန်မာနိုင်ငံတွင် စတင်နေသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်မှ ပေါ်ထွန်းလာမည့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီထွန်းကားသည့် မြန်မာနိုင်ငံသည် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း၌သာမက တစ်ခုတည်းသောအသိုက်အဝန်းအဖြစ် တည်ဆောက်နေသည့် အာဆီယံအဖွဲ့ကြီးအတွင်း၌ပါ ပိုမိုတက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ဝိုင်းဝန်းဆွေးနွေး

ထို့အပြင် ပဉ္စမအကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအစည်းအဝေးတွင် အာဆီယံဆိုင်ရာ သွေးလှူရှင်တုပ်ကွေးနေ့အဖြစ် ဇွန်လ(၁၅)ရက်နေ့ကို သတ်မှတ်ရေး၊ အာဆီယံအသိုက်အဝန်း ထူထောင်ရာတွင် အထောက်အကူဖြစ်စေမည့် ယဉ်ကျေးမှုစရိုက်လက္ခဏာများမျှဝေရေးဆိုင်ရာ ကြေညာချက်ထုတ်ပြန်နိုင်ရေး၊ အာဆီယံနိုင်ငံများက အကောင်အထည်ဖော်မည့် အာဆီယံဒေသအတွင်း ထောင်စုနှစ်ရည်မှန်းချက် အခြေပြမြေပုံဆိုင်ရာ သဘောထားမှတ်ချက်များ ပေးရေးကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြမည့် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အစီရင်ခံစာနှင့် အာဆီယံဆိုင်ရာ အားကစားဝန်ကြီးများအဆင့် ဖွဲ့စည်းသတ်မှတ်၍ အစည်းအဝေးတစ်ရပ် ထူထောင်ရေး ကိစ္စရပ်များအပေါ် အစည်းအဝေးက အတည်ပြုနိုင်ခဲ့သည်။

တက်ရောက်

ပဉ္စမအကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ သက်ဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပဉ္စမအကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် မိုးရာသီကာလအတွက် ယေဘုယျခန့်မှန်းချက်

၁။ အနောက်တောင်မုတ်သုံလေ ဝင်ရောက်ခြင်း၊ ဆုတ်ခွာခြင်း အခြေအနေ

အနောက်တောင်မုတ်သုံလေသည် ၂၀၁၁ ခုနှစ် ဇွန်လ ပထမ ၁၀ ရက်ပတ်တွင် (မြန်မာသက္ကရာဇ် ၁၃၇၃ခုနှစ် နယုန်လဆန်းခန့်)တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ဖွယ်ရာရှိပါသည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ပထမ ၁၀ ရက်ပတ်(မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် သီတင်းကျွတ်လဆန်းခန့်)တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားဖွယ်ရာရှိပါသည်။

၂။ မိုးဦးကာလ ခန့်မှန်းချက်

မိုးဦးကာလသည် ၂၀၁၁ ခုနှစ် အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံအတွင်းသို့ စတင်ဝင်ရောက်သည့်နေ့မှ ဇွန်လကုန်အထိဖြစ်ပါသည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်း (၃)ကြိမ်ဖြစ်ပေါ်နိုင်ပြီး (၂)ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်ပါသည်။

၃။ မိုးလယ်ကာလ ခန့်မှန်းချက်

မိုးလယ်ကာလသည် ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ဩဂုတ်လကုန်အထိ ဖြစ်ပါသည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း (၂)ကြိမ်ဖြစ်ပေါ်နိုင်ပြီး (၁)ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်ပါသည်။

၄။ မိုးနှောင်းကာလ ခန့်မှန်းချက်

မိုးနှောင်းကာလသည် ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁ရက်နေ့မှ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားသည့်နေ့အထိဖြစ်ပါသည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၂)ကြိမ်ဖြစ်ပေါ်နိုင်ပြီး (၁)ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်ပါသည်။

၅။ မြစ်ရေအခြေအနေ

မိုးဦးကာလ မေလနှင့် ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်နှင့် ငဝန်မြစ်တစ်လျှောက်ရှိမြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

မိုးလယ်ကာလ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် (၁)ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် (၁)ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် (၁)ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် (၁)ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် (၁)ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်ပါသည်။

မိုးနှောင်းကာလ စက်တင်ဘာလတွင် ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် (၁)ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် (၁)ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်ပါသည်။

❍ *ကျော်ဖုံးမှ*

(ခ) မေလ တတိယ ၁၀ ရက်ပတ်အတွင်းမြစ်ဝကျွန်းပေါ်ဒေသများ

(ဂ) ဇွန်လပထမ ၁၀ ရက်ပတ်အတွင်းမြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် မြောက်ပိုင်းဒေသများ

၃။ ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

၄။ မိုးအခြေအနေ

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေ သည် စတင်ဝင်ရောက်ချိန်တွင် နေရာကွက်ကျားထစ်ချုန်းမိုးသက်လေပြင်းများ ဖြစ်ပေါ်တတ်ပါသည်။ မုတ်သုံလေဝင်ရောက်ပြီး တစ်ပတ်ခန့်အကြာတွင် ထစ်ချုန်းမိုးသက်လေပြင်းဖြစ်စဉ်များ လျော့နည်းသွားတတ်ပါသည်။

၅။ မြစ်ရေအခြေအနေ

မိုးဦးကာလ မေလနှင့် ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်နှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

မိုးရွာသွန်းမှု

၁-၅-၂၀၁၁

နေပြည်တော် (တပ်ကုန်း)	၀ ဒသမ ၅၅ လက်မ
ဖျာပုံမြို့	၂ ဒသမ ၇၅ လက်မ
ဖြူမြို့	၂ ဒသမ ၆၈ လက်မ
ထားဝယ်မြို့	၂ ဒသမ ၂၄ လက်မ
ကန့်ဘလူမြို့	၂ ဒသမ ၁၆ လက်မ
ဟင်္သာတမြို့	၁ ဒသမ ၆၇ လက်မ

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဂျပန်ပင်နာဆိုးနစ်ကုမ္ပဏီ ဝန်ထမ်း ၁၇၀၀၀ ခန့် လျှော့ချမည်

တိုကျို မေ ၁

ဂျပန်နိုင်ငံ၏ အီလက်ထရွန်နစ် ကုမ္ပဏီကြီးတစ်ခုဖြစ်သော ပင်နာဆိုးနစ်က ကုန်ကျစရိတ်များကို လျှော့ချသည့်အနေဖြင့် ဝန်ထမ်း ၁၇၀၀၀ ခန့် လျှော့ချမည်ဖြစ်ကြောင်း ဧပြီ ၃၀ရက်က အင်တာနက်တွင် ဖော်ပြသည်။

ဆက်လက်လုပ်ကိုင်မည်

ပင်နာဆိုးနစ်ကုမ္ပဏီအနေဖြင့် အဆိုပါဝန်ထမ်း အရေအတွက် လျှော့ချပြီးပါက ၂၀၁၃ခုနှစ် မတ်လကုန်တွင် ဝန်ထမ်း ၃၅၀၀၀၀ ခန့် ဆက်လက်တည်ရှိလုပ်ကိုင်နေမည်ဟု ဆိုသည်။

ယင်းလျှော့ချမှုမှာ ဂျပန်နိုင်ငံအတွင်းသာမက ကမ္ဘာတစ်ဝန်းလုံးရှိ ၎င်းစက်ရုံများ တည်ရှိရာလုပ်ငန်းတိုင်းအတွက် လျှော့ချခြင်းဖြစ်ကြောင်း သိရသည်။

ကုန်ကျစရိတ်ကာမိရန်

ထိုသို့ လျှော့ချရခြင်းမှာ မကြာမီက လှုပ်ခဲ့သည့် ဂျပန်ငလျင်ကြောင့် ထိခိုက်ပျက်စီးသွားခဲ့သော စက်ရုံများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်ကာမိစေရန်အတွက်ဖြစ်ကြောင်း ပင်နာဆိုးနစ်ကုမ္ပဏီက ပြောကြားသည်။ **(အင်တာနက်)**

ဗြိတိန်တွင် ယာဉ်တိုက်မှုဖြစ် နှစ်ဦးသေဆုံး၊ ၄၉ ဦး ဒဏ်ရာရ

ကန်ဘရစ်ချ်ရှိုင်းယား မေ ၁

ဗြိတိန်နိုင်ငံ ကန်ဘရစ်ချ်ရှိုင်းယားပြည်နယ်ရှိ လမ်းမကြီး အမှတ် (၁၁)တွင် ဧပြီ ၃၀ ရက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ သေဆုံးသူ နှစ်ဦးရှိပြီး ဒဏ်ရာရရှိသူ ၄၉ ဦး အထိရှိခဲ့သည်။ ခြောက်ဦးမှာ ဒဏ်ရာများ ပြင်းထန်သဖြင့် စိုးရိမ်ဖွယ်အခြေအနေ ရှိနေသည်။

ဆာ့ဖ်ဖောင့်ဝဲလ်ဒန်မြို့နားရှိ လမ်းဆုံအမှတ်(၉) အနီးတွင် လူ ၅၀ ခန့် လိုက်ပါလာသည့် ခရီးသည်များတင်ဆောင်လာသော ကားတစ်စီးနှင့် ကုန်တင်လော်ရီကားတို့ တိုက်မိခြင်းဖြစ်သည်။ လော်ရီကားဒရိုင်ဘာနှင့် ခရီးသည်တင်ကားပေါ်မှ ခရီးသည် တစ်ဦးသေဆုံးခဲ့ရသည်။ **(ဝဲပုံ)**

မီးသတ်သမားများက ပိတ်ညှပ်နေသူ ၎င်းတို့နှစ်ဦးအား ဆွဲထုတ် ကယ်တင်ရန် ကြိုးစားသော်လည်း ဖြစ်ပွားသည့်နေရာတွင်ပင် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ပင်လယ်ရေ ပူနွေးလာမှု ငါးမျိုးစိတ်အချို့ ပျက်သုဉ်းနိုင်

ကင်ဘာရာ မေ ၁

ရာသီဥတုပြောင်းလဲမှုနှင့် ပင်လယ်ရေပိုမိုပူနွေးလာမှုတို့က အချို့သော ငါးမျိုးစိတ်များမျိုးပြုန်းမည့် အန္တရာယ်ရှိပြီး အဆုံးစွန်တွင် ကမ္ဘာ့အချို့ဒေသမှ ငါးများသေဆုံးနိုင်ကြောင်း ဩစတြေးလျ သိပ္ပံပညာရှင်များ၏ လေ့လာချက်အရ သိရှိရသည်။

သေဆုံးနိုင်

အပူချိန်ပိုမိုလာမှုကြောင့် အချို့ငါးမျိုးစိတ်များ ပေါက်ပွားမှု ရပ်ဆိုင်းသွားမည်ဖြစ်ပြီး ထို့ထက်ဆိုးလာပါက အဆိုပါငါးများ သေဆုံးနိုင်ကြောင်း နေးချားလိုက်ဂျာနယ်တွင် ဖော်ပြထားသည်။

ဩစတြေးလျ သိပ္ပံပညာရှင်များက ဩစတြေးလျနှင့် နယူးဇီလန်ကြား၌ ကျက်စားသည့် သက်တမ်းရှည် ငါးမျိုးစိတ်များကို လေ့လာရာ၌ အထက်ပါအတိုင်းတွေ့ရှိရခြင်း ဖြစ်သည်။ **(အင်တာနက်)**

ပြင်သစ်လေယာဉ်ပျက်မှ ပျံသန်းမှုမှတ်တမ်းတင် သေတ္တာပြန်လည်ရှာဖွေတွေ့ရှိ

ပါရီ မေ ၁

အတ္တလန္တိတ် သမုဒ္ဒရာအတွင်းသို့ ၂၀၀၉ ခုနှစ်က ပျက်ကျခဲ့သော ပြင်သစ်ခရီးသည်တင်လေယာဉ်ကြီးမှ သတင်းအချက်အလက် မှတ်တမ်းတင်သေတ္တာကို ပြင်သစ်နိုင်ငံမှ ရှာဖွေရေးအဖွဲ့များ ရှာဖွေတွေ့ရှိခဲ့ပြီ ဖြစ်ကြောင်း ပြင်သစ်နိုင်ငံမှ စုံစမ်းစစ်ဆေးရေး ဗျူရိုက မေ ၁ ရက်၌ ပြောကြားသည်။ **(ယာပုံ)**

မျှော်လင့်ထား

လီမွှော်ရောင်ရှိသော လေယာဉ်ပျံသန်းမှု မှတ်တမ်းတင် သေတ္တာကို ပြင်သစ်နိုင်ငံမှ ရှာဖွေရေးအဖွဲ့များက ရှာဖွေမှု ဒုတိယမြောက်နေ့ ဖြစ်သည့် ဧပြီ ၂၇ ရက်၌ တွေ့ရှိခဲ့ကြခြင်း ဖြစ်သည်။ ထို့အပြင် သမုဒ္ဒရာကြမ်းပြင်အောက် ပျက်ကျနစ်မြုပ်နေသော လေယာဉ်ပျက်အတွင်းမှ ရုပ်အလောင်းများကိုလည်း ဆွဲထုတ်ဆယ်ယူနိုင်မည်ဟု ၎င်းတို့က မျှော်လင့်ထားသည်။

ပျက်ကျခဲ့

ပြင်သစ် လေကြောင်းလိုင်းမှ အေ-၃၃၀ အဲဘတ်လေယာဉ်ကြီးသည် ခရီးသည်နှင့် လေယာဉ်ဝန်ထမ်း ၂၂၈ ဦးအား တင်ဆောင်ကာ ရီယိုဒီဂျနေရိုးမြို့မှ ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ဦးတည်ပျံသန်းလာစဉ် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ပျက်ကျခဲ့သဖြင့် လေယာဉ်ပေါ် လိုက်ပါသူအားလုံး သေဆုံးခဲ့ရသည်။

ရှာဖွေတွေ့ရှိခဲ့

ပျက်ကျခဲ့သည့် ၎င်းလေယာဉ် အမြီးပိုင်း၏ အစိတ်အပိုင်းတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ပြီး သီတင်းပတ်များစွာကြာမြင့်ပြီးနောက် ယခုကဲ့သို့ မှတ်တမ်းတင်သေတ္တာကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျံသန်းမှု မှတ်တမ်းတင် သေတ္တာကို ယခုကဲ့သို့ ပြန်လည် ရှာဖွေတွေ့ရှိခဲ့သဖြင့် ၎င်းလေယာဉ် မည်သို့ ပျက်ကျခဲ့ရသည်ကို သိရှိနိုင်ရေး စုံစမ်းရာတွင် အထောက်အကူပေးနိုင်မည် ဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

☆ မိုးမြင့်လင်းလက် – စုစည်းသည် ☆

ဇမ်ဘီယာအနောက်ပိုင်း၌ လေယာဉ်ပျက်ကျ၊ လေးဦးသေဆုံး

လူဆာကာ မေ ၁

ဇမ်ဘီယာနိုင်ငံအနောက်မြောက်ပိုင်းရှိ လေဆိပ်တစ်ခု၌ ဧပြီ ၃၀ရက်က လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ **(အပေါ်ပုံ)** လေယာဉ်ပေါ်ပါရှိသူ လေးဦးစလုံး သေဆုံးခဲ့ကြောင်း မေ ၁ ရက်ထုတ် ဇမ်ဘီယာဒေးလီးမေးလ်သတင်းစာ၌ ဖော်ပြသည်။

၎င်းလေယာဉ်သည် ဆိုလ်ဝီဇီလေဆိပ်သို့ ဆင်းသက်ရန် ကြိုးစားစဉ် လေယာဉ်ရှေ့ဘီးများချ၍ မရသဖြင့် လေယာဉ်ဝမ်းဗိုက်နှင့် ဆင်းသက်ရာမှ ယခုကဲ့သို့ ထိခိုက်သေဆုံးမှု ဖြစ်ပွားခဲ့ရခြင်း ဖြစ်သည်။

လေယာဉ်ပျက်ကျရာသို့ ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ထားကြောင်း၊ လေယာဉ်ရှေ့ဘီးများ ထိန်းချုပ်မှုစနစ် ချွတ်ယွင်းနေမှုကြောင့် ယခုကဲ့သို့ ဖြစ်ခဲ့ရကြောင်း ယင်းသတင်းစာ၌ ဖော်ပြထားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံမြောက်ပိုင်း၌ တောမီးလောင်ကျွမ်း မီးသတ်တပ်ဖွဲ့ဝင် ရာပေါင်းများစွာ မီးငြိမ်းသတ်ခဲ့ရ

တေယန် မေ ၁

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ်တွင် တောမီးလောင်ကျွမ်းလျက်ရှိရာ မီးသတ်သမားရာပေါင်းများစွာ မီးငြိမ်းသတ်ခဲ့ကြရကြောင်း တရုတ်အရာရှိများက မေ ၁ ရက်၌ ပြောကြားသည်။ **(အောက်ပုံ)**

မီးငြိမ်းသတ်လျက်ရှိ

ရှန်စီပြည်နယ်၌တောမီးလောင်ကျွမ်းမှုမှာ ဧပြီ ၃၀ရက် ဒေသစံတော်ချိန် ည ၉ နာရီခန့်က စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ ယခုအခါ မီးသတ်သမား ၂၆၀၀ကျော်တို့ မီးငြိမ်းသတ်လျက်ရှိသည်။

တောမီးလောင်မှုမှာ တောင်ခြေဒေသများတွင်ဖြစ်ရာ အနီးဝန်းကျင်ရှိ ကျေးရွာများနှင့် အလှမ်းဝေးသဖြင့် ဒေသခံများအား ရွှေ့ပြောင်းစရာမလိုကြောင်း သိရသည်။ လောလောဆယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် သေဆုံးဒဏ်ရာရရှိသူမရှိကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

ဆီးနှင်းခဲများ ပြိုကျမှုကြောင့် ဂျပန်တောင်တက်သမား နှစ်ဦးသေဆုံး

တိုကျို မေ ၁

ဂျပန်နိုင်ငံအလယ်ပိုင်း နာဂါနိုစီရင်စုတွင်ရှိသော ရှီရိုမာတောင်ပေါ်တွင် ဆီးနှင်းခဲများ ရုတ်တရက်ပြိုကျမှုကြောင့် ဂျပန်တောင်တက်သမားနှစ်ဦး သေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရခဲ့ကြောင်း ကျိုဒိုသတင်းဌာနက မေ ၁ရက်၌ သတင်းထုတ်ပြန်သည်။

သေဆုံးခဲ့

တောင်တက်သမားနှစ်ဦးအနက် တစ်ဦးမှာ တောင်ပေါ်မှ ဆီးနှင်းခဲများ ပြိုကျမှုအနီး၌ သေဆုံးနေသည်ကို တွေ့ရှိခဲ့ရပြီး တစ်ဦးမှာဆေးရုံသို့ တင်ပို့စဉ် သေဆုံးခဲ့ခြင်းဖြစ်သည်။

ရှီရိုမာတောင်ပေါ်သို့ တောင်တက်သမားလေးဦးပါသော တောင်တက်အဖွဲ့တက်ရောက်စဉ် တောင်ပေါ်မှဆီးနှင်းခဲများ ပြိုကျမှုနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ နေရာအချို့၌ ဆေးလိပ်သောက်မှုတားမြစ် ပြည်သူအများ ဝမ်းသာအားရ ကြိုဆိုထောက်ခံ

မောင်မောင်မြင့်ဆွေ
ရေးသားသည်

ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးများကိုကြီးမားစွာ ထိခိုက်ခံစားလာကြရသဖြင့် ကမ္ဘာ့နိုင်ငံအချို့တွင် ဆေးလိပ်သောက်သုံးမှုများကို တားမြစ်ပိတ်ပင်လာလျက်ရှိသည်။ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးဖြစ်သည့် တရုတ်နိုင်ငံတွင်လည်း မေ ၁ ရက်မှစတင်ကာ နိုင်ငံအတွင်း ပြည်သူအများစုနှင့် ဆက်စပ်နေသည့် နေရာပေါင်း၂၈နေရာတွင် ဆေးလိပ်သောက်မှု တားမြစ်ပိတ်ပင်လိုက်ပြီဖြစ်သည်။ ထိုသို့ ဆေးလိပ်သောက်ခြင်းကို တားမြစ်ပိတ်ပင်လိုက်သည့်အတွက် တရုတ်ပြည်သူအများ ဝမ်းသာအားရကြိုဆိုထောက်ခံခဲ့ကြသည်။

တရုတ်နိုင်ငံတွင်ဆေးလိပ်သောက်သုံးမှု မပိတ်ပင်၍ မရတော့သည့် အခြေအနေရှိလာသည်။ တရုတ်နိုင်ငံတွင် ပြည်သူသန်း၃၅၀ကျော်မှာ ဆေးလိပ် သောက်သုံးနေကြသည်။ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ ရှူရှိုက်ခံရသူဦးရေမှာသန်း ၇၀၀ကျော်ရှိနေသည်။ ဆေးလိပ်၏ ဆိုးကျိုးကို တရုတ်ပြည်သူအများအပြားရင်ဆိုင်ကြုံတွေ့နေရသည်။

တရုတ်နိုင်ငံတွင် တစ်ဆင့်ခံ ဆေးလိပ်ငွေ့ ရှူရှိုက်ခံနေရသည့် လူဦးရေသန်း ၇၀၀ကျော်အနက် သန်း ၃၀၀ကျော်မှာ အမျိုးသမီးများဖြစ်နေသည်။ ဆေးလိပ်ငွေ့ကြောင့် ဖြစ်ပေါ်လာသော ရောဂါများကို တရုတ်အမျိုးသမီးများ အများဆုံး ကြုံတွေ့ ခံစားနေကြရသည်။

ပေကျင်းဘူတာရုံတွင် ဆေးလိပ်မသောက်ရန် တားမြစ်ထားသည့် ဆိုင်းဘုတ်ကို ဤသို့တွေ့ရသည်။

စီးကရက် သောက်သုံးခြင်းသည် အမျိုးသားများ၏ ဖက်ရှင်တစ်မျိုးအဖြစ် စွဲမြဲစွာ သောက်သုံးလာကြသဖြင့် စီးကရက်ကုမ္ပဏီများက အမျိုးသားများအား အဓိကထားပြီး ဈေးကွက်ဖန်တီးကာ ရောင်းချသော်လည်း အမျိုးသမီးများပါ သောက်သုံးကြကာ ဆေးလိပ်၏ ဆိုးကျိုးကို ခံစားနေကြရသည်။

ယခုအခါ ဆေးလိပ်သောက်သုံးသည့် အမျိုးသမီးငယ်များ ဦးရေလည်း တိုးမြင့်လာခဲ့ရာ တရုတ်နိုင်ငံတွင် အသက် ၁၃နှစ်အောက် ဆယ်ကျော်သက် အမျိုးသမီးငယ် ၂၀ရာခိုင်နှုန်းမှာ ဆေးလိပ်သောက်သုံးရန် ကြိုးစားနေကြပြီး အချို့မှာ စမ်းသပ် သောက်သုံးနေကြပြီ ဖြစ်သည်။

ဖြစ်ပွား

ထို့ကြောင့် တရုတ်နိုင်ငံတစ်ဝန်းတွင် ဆေးလိပ်သောက်သုံးခြင်းကြောင့် အဆုတ်ရောဂါ၊ လည်ချောင်းရောဂါနှင့် ကင်ဆာရောဂါ အမျိုးမျိုး ဖြစ်ပွားလာကြသည့်အပြင် ခန္ဓာကိုယ်အတွင်း သွေးလည်ပတ်စီးဆင်းမှုစနစ်များ ထိခိုက်ပျက်စီးခြင်း၊ အသက်ရှူမှုစနစ်များ ထိခိုက်ခြင်း၊ ဦးနှောက်နှာ့ဗ်ကြောများ ထိခိုက်ခြင်းနှင့် ဆီးသွားမှုစနစ်များ ထိခိုက်ပျက်စီးခြင်းစသည်တို့ ဆက်စပ်ဖြစ်ပွားလာလျက်ရှိသည်။

ထိုသို့ ပြည်သူများ၏ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်မှုများ ဖြစ်ပေါ်နေသည့်အပြင် တရုတ်နိုင်ငံ

တွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဆေးလိပ်ဆိုးကျိုးကြောင့် မွေးဖွားလာသည့် ရင်သွေးငယ်များ၏ ကြီးထွားမှုကို ထိခိုက်လာခဲ့သည်။ ကလေးငယ်များ၌ ဘေးအန္တရာယ်ကြီးမားသည့် ရောဂါများခံစားနေရခြင်း၊ ဆေးလိပ်ကြောင့် တရုတ်အမျိုးသမီးများတွင် လည်ချောင်းကင်ဆာနှင့် ရင်သားကင်ဆာရောဂါဖြစ်ပွားမှု တိုးမြင့်လာခြင်းတို့ ဖြစ်ပွားလျက်ရှိသည်။ တရုတ်နိုင်ငံတွင် ဆေးလိပ်ငွေ့များ ရှူရှိုက်မှုကြောင့် ရောဂါဖြစ်ပွားမှုဦးရေမှာ နှစ်စဉ် တစ်သိန်းကျော်ခန့်ရှိသည်။ ထို့ကြောင့် တရုတ်ကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံတစ်ဝန်း အများပြည်သူတို့နှင့် သက်ဆိုင်သည့် နေရာများဖြစ်သည့် ဟိုတယ်၊ စားသောက်ဆိုင်၊ ကဇာတ်ရုံ၊

တရုတ်နိုင်ငံမှ ဆေးလိပ်နှင့် ဆေးရွက်ကြီး ထိန်းချုပ်ရေးဆိုင်ရာ ကျွမ်းကျင်သူ ယန်နီအင်က ရှင်းပြနေစဉ်။

လေဆိပ်နှင့်ဘူတာရုံများရှိ ခရီးသည်များ စုဝေးစောင့်ဆိုင်းရာ နေရာများ အပါအဝင် နေရာပေါင်း ၂၈ နေရာ၌ ဆေးလိပ်သောက်ခွင့် ပိတ်ပင်လိုက်ပြီဖြစ်သည်။ ယင်းပိတ်ပင်မှုကို ယခု မေ ၁ ရက်မှ စတင်လိုက်ခြင်းပင် ဖြစ်သည်။

ဖြေကြား

ထိုသို့ နေရာပေါင်း ၂၈ နေရာ၌ ဆေးလိပ်သောက်မှု ပိတ်ပင်ခြင်းအပေါ် ပြည်သူများ၏ ထင်မြင်ချက်၊ ခံစားချက်များကို တရုတ်နိုင်ငံရှိ စီစီတီဗွီသတင်းဌာနကတွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့ရာ ပြည်သူများက ဝမ်းသာအားရ ကြိုဆိုထောက်ခံကြပြီး သဘောကျလိုလားကြောင်း ပြန်လည်ဖြေကြားခဲ့ကြသည်။

ခံစား

တရုတ်နိုင်ငံမှ ဆေးလိပ်နှင့် ဆေးရွက်ကြီး ထိန်းချုပ်ရေးဆိုင်ရာ ကျွမ်းကျင်သူ ယန်နီအင်က ***"ဒီအစီအစဉ်ကို ကြိုဆိုရမှာပါ။ အမျိုးသမီးငယ်တွေဆေးလိပ်သောက်မှုကတရုတ်နိုင်ငံမှာ ပိုများလာတယ်။ ဆေးလိပ်ကုမ္ပဏီတွေကလည်း အမျိုးသားတွေအပြင် သူတို့ကို ဈေးကွက်တစ်ခုလို ပစ်မှတ်ထားလာကြတယ်။ နောက်ပြီး တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်မှုဆိုးကျိုးကလည်း အမျိုးသားတွေထက် အမျိုးသမီးတွေမှာ ပိုပြီးခံစားရတယ်။ ဒါကို ကျွန်တော်တို့ တားဆီးကာကွယ်ဖို့ လုပ်ဆောင်ခြင်းဖြစ်တယ်လို့ မြင်ပါတယ်"***ဟု ပြောကြားသည်။

ပြောပြ

တစ်ဖန် ဆေးလိပ်ကြောင့် လည်ချောင်းရောဂါခံစားနေရသော တရုတ်အမျိုးသမီးလီယူကလည်း ***"ကျွန်မ လည်ချောင်းကိုစစ်ဆေးတာ ကင်ဆာရောဂါလက္ခဏာရှိနေပြီလို့ သိရတယ်။ ဆရာဝန်က ကျွန်မကို ဆေးလိပ်မသောက်ဖို့ ပြောတယ်၊ ကျွန်မ ဘယ်တော့မှဆေးလိပ်မသောက်တော့ပါဘူး"***ဟု ပြောပြသွားသည်။

ထို့အတူ တရုတ်အမျိုးသမီးကြီး ဝမ်ဂန်ဖာကလည်း ***"ဆေးလိပ်သောက်သူတွေဟာ ကိုယ့်ကိုယ်ကို သတ်နေကြသူတွေပါပဲ။ အများပြည်သူတွေရှိနေတဲ့ နေရာတွေမှာ ဆေးလိပ်သောက်တာ ဘယ်သူ့အတွက်မှ မကောင်းပါဘူး၊ အခုလို ဆေးလိပ်မသောက်ရ နေရာတွေ သတ်မှတ်လိုက်တာ ကောင်းပါတယ်။ ဆေးလိပ်ငွေ့ သန့်ရှင်းတဲ့ သဘာဝပတ်ဝန်းကျင်ကို ဖန်တီးပေးလိုက်တာပဲ ဖြစ်ပါတယ်။ ကျွန်မ ဘတ်စ်ကားစောင့်တဲ့အခါ ကားဂိတ်မှာ ဆေးလိပ်သောက်တာတွေ့ရင် ဘယ်သူ့ကိုပဲဖြစ်ဖြစ်ဆေးလိပ်မသောက်နဲ့လို့ပြောပြီး တားဆီးရမယ်"***ဟု ပြောသည်။

တရုတ်နိုင်ငံတစ်ဝန်းဆေးလိပ်မသောက်သုံးရနေရာများသတ်မှတ်ခြင်းသည် တရုတ်ပြည်သူတို့၏ ကျန်းမာရေးကို စောင့်ရှောက်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းလည်း ဖြစ်သည်။ ရောဂါများ ဖြစ်ပွားမှုတို့ကြောင့် ငွေကုန်ကျမှုနှင့် မိသားစုများ စိတ်ဆင်းရဲ ပူပန်နေမှုများကိုလည်း တားဆီးရာရောက်သည်။

ဖော်ပြ

ထိုသို့ မတားမြစ်၍လည်း မဖြစ်၊ကမ္ဘာတစ်ဝန်းတွင် ဆေးလိပ်ကြောင့် အသက် ၂၀ကျော် အမျိုးသမီးများ တစ်နှစ်လျှင် ၁ ဒသမ ၅သန်းကျော် ရောဂါမျိုးစုံဖြင့် သေဆုံးလျက်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် နောက်ထပ် တစ်သန်းကျော် ထပ်မံ တိုးမြင့် သေဆုံးနိုင်ဖွယ်ရှိကြောင်း၊တရုတ်နိုင်ငံတွင် ဆေးလိပ်ငွေ့တစ်ဆင့်ခံရှူရှိုက်မှုမှ ဆက်စပ်ဖြစ်ပွားသည့် ရောဂါများကြောင့် သေဆုံးသူ ထောင်ပေါင်းများစွာရှိနေကြောင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကထုတ်ပြန်သော ကိန်းဂဏန်းများတွင် ဖော်ပြထားသည် မဟုတ်ပါလော။ ။ **(အင်တာနက်)**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ဆေးလိပ်မသောက်ရ သရုပ်ပြသတိပေးတားမြစ်မှုကို ဤသို့ တွေ့ရသည်။

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

ဇော်ဦးခိုင်
စုစည်းရေးသားသည်

အင်ဒိုနီးရှားသင်္ဘောနှင့် သင်္ဘောသားများအား ဆိုမာလီဓားပြများပြန်လွှတ်ပေး

ဂျကာတာ မေ ၁

အင်ဒိုနီးရှားသင်္ဘောသားများအား ဆိုမာလီပင်လယ်ဓားပြများက ပြန်ပေးဆွဲထားရာမှ ဘေးမသီရန်မခဘဲ ပြန်လွှတ်ပေးလိုက်ကြောင်း အင်ဒိုနီးရှားသင်္ဘောပိုင်ရှင်က မေ ၁ ရက်တွင်ပြောကြားသည်။

ဆီနာကူဒပ်အမည်ရှိ သင်္ဘောနှင့် ၎င်းသင်္ဘောပေါ်တွင် လိုက်ပါသွားသည့် သင်္ဘောသား ၂၀ အား ပြန်ပေးငွေပေးခဲ့ပြီးနောက် ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား ဒုတိယသမ္မတ ဒေးဗစ်ဘာတူဘာရာက ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားသည်။

ပြောကြား

အဆိုပါ သင်္ဘောနှင့် သင်္ဘောသားများအား ဆိုမာလီရေပိုင်နက်အတွင်း ပြန်ပေးဆွဲသွားပြီး ၄၆ ရက်အကြာ၌ ပြန်လွှတ်ပေးခဲ့ခြင်း ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

တရုတ်၌ ဟိုတယ်မီးလောင်၊ ၁၀ဦးသေဆုံး

ကျိုလင်း မေ ၁

တရုတ်နိုင်ငံ ကျိုလင်းပြည်နယ် တောင်ဟွာမြို့၌ မေ ၁ ရက်က ဟိုတယ်မီးလောင်မှုဖြစ်ပွားခဲ့ရာ **(အောက်ပုံ)** လူ ၁၀ ဦးသေဆုံးပြီး ၃၅ ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါမီးလောင်မှုမှာ ဒေသစံတော်ချိန် နံနက် ၃ နာရီခွဲခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကနဦးစုံစမ်းမှုအရ ဟိုတယ်၏ မြေညီထပ်အရောင်းခန်းမမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများမှာ အခန်းအတွင်း မီးခိုးများနှင့်ပိတ်မိပြီး သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့ဝင်များက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်မြောက်ပိုင်း၌ အသေခံဗုံးခွဲ၊ ရှစ်ဦးသေဆုံး

မိုဆူးလ် မေ ၁

အီရတ်မြောက်ပိုင်း မိုဆူးလ်မြို့ရှိ စစ်တပ်စစ်ဆေးရေး ဂိတ်တစ်ခုကို ဧပြီ ၃၀ ရက်က အကြမ်းဖက်သမားတစ်ဦးက အသေခံဗုံးခွဲတိုက်ခိုက်ခဲ့မှု ဖြစ်ပွားခဲ့သည်။ ယင်းအသေခံဗုံးခွဲမှုကြောင့်သေဆုံးသူရှစ်ဦးရှိပြီး ဒဏ်ရာရသူ ၂၀ခန့်ရှိကြောင်း နယ်မြေရဲဝန်ထမ်းများက ဆင်ဟွာသို့ ပြောကြားသည်။

ဖြစ်ပွား

အသေခံတိုက်ခိုက်မှုသည် မိုဆူးလ်မြို့လယ်ရှိ လူစည်ကားရာဈေးအနီး စစ်ဆေးရေးဂိတ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများတွင် စစ်သားသုံးဦးပါဝင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ကင်ညာကမ်းလွန်၌ စားအုန်းဆီတင်သင်္ဘော အပိုင်စီးခံရ

စင်ကာပူ မေ ၁

ကင်ညာနိုင်ငံ ကမ်းလွန်တွင် စင်ကာပူမှတ်ပုံတင်ထားသော စားအုန်းဆီတင် သင်္ဘောတစ်စင်းကို ပင်လယ်ဓားပြများက မေ ၁ ရက်၌ အပိုင်စီးသွားခဲ့ကြောင်း စင်ကာပူအရာရှိများက အတည်ပြုပြောကြားသည်။

မောင်းနှင်

သင်္ဘောသား ၂၅ ဦး ပါရှိသော ၎င်းသင်္ဘောမှာ အမ်တီဂီမိနီအမည်ရှိ သင်္ဘောဖြစ်ပြီး ပင်လယ်ဓားပြများက ဆိုမာလီနိုင်ငံသို့ ဦးတည် မောင်းနှင်သွားကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ အဆိုပါသင်္ဘောမှာ အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီများကို ကင်ညာနိုင်ငံ မွမ်ဘာဆာဆိပ်ကမ်းသို့ တင်ဆောင်မောင်းနှင်လာစဉ် ကင်ညာကမ်းလွန်၌ အပိုင်စီးခံခဲ့ရခြင်း ဖြစ်သည်။ **(အင်တာနက်)**

2-5 (05).pmd 1 5/2/2011, 3:44 AM

ဂီရိမုန်တိုင်းဒဏ်သင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် အနာဂတ်ကာလ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးညှိနှိုင်း

ဆွေးနွေးမှာကြား

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် မြေပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်သည် ဧပြီ ၂၉ ရက် နံနက်ပိုင်းက စစ်တွေမြို့သို့ရောက်ရှိပြီး ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ပြည်နယ်ဝန်ကြီးများအား တွေ့ဆုံ၍ ရခိုင်ပြည်နယ်အတွင်း ဂီရိမုန်တိုင်း ဒဏ်သင့်ဒေသများ၏ မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန် ကျန်လုပ်ငန်းများအခြေအနေ၊ အနာဂတ်ကာလတွင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ဘုမေ ရပ်ကွက်ရှိ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးရှိ ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံ၌ ကယ်ဆယ်ရေးပစ္စည်းများ ထားသိုထိန်းသိမ်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လူမှုဖူလုံရေးအဖွဲ့ ဆေးပေးခန်း၊ အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး၊ ပြည်နယ်မီးသတ်စခန်းရှိ မီးသတ်ယာဉ်များကြွခိုင်မှုနှင့် ရေသိုလှောင်ကန်အခြေအနေ၊ ပြည်တော်သာ ရပ်ကွက်ရှိ ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ပေးအပ်

မွန်းလွဲပိုင်း၌ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမှ ရေယာဉ်ဖြင့် ထွက်ခွာ၍ ပေါက်တောမြို့နယ် နတ်ရှင်ကျေးရွာ မူလတန်းကျောင်း၌ မုန်တိုင်းဒဏ်ခံရသော နတ်ရှင်၊ မောက်ပြား၊ ဖားဒူ၊ ကျောက်စု၊ ကျောက်မောင်းကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံကာ ပြန်လည်ထူထောင်ရေးလုပ်ငန်း အခြေအနေ၊ မျိုးစပါးစုဆောင်းထားရှိမှု အခြေအနေ၊ လာမည့် မိုးရာသီလယ်ယာလုပ်ငန်းခွင်အတွက် ပြင်ဆင်ပြီးစီးမှု အခြေအနေနှင့် ကျေးလက်လူထုအတွက် ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို ဆွေးနွေးပြောကြားကြပြီး ဒေသခံပြည်သူများအတွက် လက်ဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် မြေပုံမြို့နယ် လောင်းဒရိတ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဆောင်ရွက်ရန် ကျန်ရှိနေသေးသော ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ရှင်းလင်းပြောကြားကြပြီး ဒေသခံပြည်သူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ပြန်လည်ထူထောင်

ညနေပိုင်းတွင် မြေပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့မိ မြို့ဖများ၊ မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ အနာဂတ် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်ကာကွယ်မှုများဆောင်ရွက်နိုင်ရန် ကိစ္စများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် သီလဝါဒေသရှိ MYANMAR INTEGRATED PORT LIMITED (MIPL) ၌ ဆိပ်ကမ်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆိပ်ကမ်းလုပ်ငန်းများ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်အရေးပါ လုပ်ငန်းများသွက်လက်မြန်ဆန်ပြီး အန္တရာယ်ကင်းရှင်းစွာဆောင်ရွက်

ရန်ကုန် မေ ၁

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် နိုင်ငံခြားသင်္ဘောကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား ၂၃ စင်းရှိပြီး ရန်ကုန်ဆိပ်ကမ်းဒေသတွင် ၁၇ စင်းနှင့် သီလဝါဆိပ်ကမ်းဒေသတွင် ခြောက်စင်း ရှိသည်။ နိုင်ငံခြားမှ ဝင်ရောက်လာသော ရေယာဉ်ကြီးများဖြင့် ဆိပ်ကမ်းကုန်တင် ကုန်ချလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် အထွေထွေကုန်ပစ္စည်းကိုင်တွယ်မှု တန်ချိန် ၁၇ သန်းကျော်ရှိပြီး ကုန်သေတ္တာစုစုပေါင်း ၃၃၀၀၀၀ TEU ခန့်ကို ကိုင်တွယ် နိုင်ခဲ့သည်။ သင်္ဘောဆိုက်ကပ်မှုအနေဖြင့် သင်္ဘောစင်းရေ ၁၇၀၀ ကျော် ဆိုက်ကပ်၍ ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

ဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေး အခြေအနေအရ သွင်းကုန်ထုတ်ကုန် လုပ်ငန်းများ တိုးမြှင့်ကိုင်တွယ်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါဒေသတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆိပ်ကမ်းတိုးချဲ့ဆောင်ရွက်နိုင်ရန် တစ်ကွက်လျှင် အလျားမီတာ၂၀၀၊ အနံ မီတာ ၇၅၀ ရှိသော ဆိပ်ကမ်းအကွက် (၃၇)ကွက် ဖော်ထုတ်ခဲ့ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အနေဖြင့် MYANMAR INTERNATIONAL TERMINALS THILAWA (MITT) မှ ငါးကွက်၊ MYANMAR INTEGRATED PORT LIMITED (MIPL) မှ တစ်ကွက် ရင်းနှီးမြှုပ်နှံပြီး ဆိပ်ကမ်းကုန်တင်ကုန်ချ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ မြန်မာ စီးပွားရေးကော်ပိုရေးရှင်းမှ လေးကွက် သင်္ဘောဖြတ် လွှန်းကျင်းအတွက် တည်ဆောက်ပြီးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

တည်ဆောက်ဆဲ ဆိပ်ကမ်းများ အနေဖြင့် SINMADEV INTERNATIONAL PTE., LTD. မှ နှစ်ကွက်၊ စီးပွားရေးဦးပိုင်လီမိတက်မှ နှစ်ကွက်နှင့် စက်သုံးဆီတင်ချဆိပ်ခံတံတားများ တည်ဆောက်ခြင်းအတွက် တိုင်းရင်းသားပိုင်ကုမ္ပဏီ ၁၉ ခုကို ခွင့်ပြုကာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဧပြီ ၃၀ ရက် မွန်းလွဲပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သီလဝါဆိပ်ကမ်းဒေသ 'မြတ်မေတ္တာမွန်' ကုမ္ပဏီပိုင် ပုဂ္ဂလိကစက်သုံးဆီတင်ချတံတားနှင့် ဆီသိုလှောင်ကန် တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး ခွင့်ပြုထားသော မြေနေရာများတွင်လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် MYANMAR INTERNATIONAL TERMINALS THILAWA (MITT) ၌ ကြည့်ရှုစစ်ဆေးသည်။

ကုန်တင်ကုန်ချဆောင်ရွက်

အပြည်ပြည်ဆိုင်ရာ သီလဝါ ဆိပ်ကမ်းသည် ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီတစ်ခုဖြစ်ပြီး ဆိပ်ခံတံတား အလျားမီတာ ၁၀၀၀ ရှိပြီး အနံမီတာ ၂၀၀၊ ရေစူး ၉ မီတာ တန်ချိန်၂၀၀၀၀ရှိသော ရေယာဉ်ကြီး ငါးစင်း တစ်ပြိုင်တည်းဆိုက်ကပ်၍ ကုန်တင်ကုန်ချ ဆောင်ရွက်နိုင်သည်။ MYANMAR INTERNATIONAL TERMINALS THILAWA (MITT) အနေဖြင့် အမေရိကန်ဒေါ်လာသန်း ၁၁၀ ရင်းနှီးမြှုပ်နှံထားပြီး ၁၉၉၇-၁၉၉၈ ခုနှစ်တွင် စတင်တည်ဆောက်၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ကာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ နိုင်ငံတော်သို့ မြေငှားရမ်းခငွေကျပ် ၁၆၂ ဒသမ ၅ သန်းနှင့် အမေရိကန်ဒေါ်လာ ၁၆ သန်းခန့်ပေးဆောင်ပြီး တိုင်းရင်းသားများ၏ အလုပ်အကိုင်အခွင့်အလမ်း ၁၀၅၀ ခန့် ရရှိသည်။

ယင်းနောက် သီလဝါဒေသရှိ MYANMAR INTEGRATED PORT LIMITED (MIPL)သို့ ရောက်ရှိပြီး ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေး၍ ဆိပ်ကမ်းလုပ်ငန်းများသည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အခန်းကဏ္ဍဖြစ်သည့်အတွက် စိတ်ရင်းစေတနာကောင်းများထားရှိ၍ လုပ်ငန်းများ သွက်လက်မြန်ဆန်ပြီး အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်သွားကြရန် မှာကြားသည်။

MIPL အနေဖြင့် ရင်းနှီးမြှုပ်နှံမှု ၁၈ ဒသမ ၂ သန်း၊ ဆိပ်ကမ်းအာဏာပိုင်သို့ အခွန်အခအနေဖြင့် မြေငှားရမ်းခ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ သန်းခန့် ပေးသွင်းပြီး တိုင်းရင်းသားများ၏ အလုပ်အကိုင်အခွင့်အလမ်း(၁၄၀) ဖော်ဆောင်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ်းရိုးတန်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီး တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ မွန်ပြည်နယ်တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ် အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ၊ ပဲခူးတိုင်းဒေသကြီးတွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၁၀ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၂ ရက် ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဆည်ရေသောက်စနစ်ဘေးဝဲယာရှိ မြေလွတ်မြေလပ်များ နှစ်တို၊ နှစ်ရှည်သီးပင်စားပင်များ စိုက်ပျိုးရန် အသုံးပြု

နေပြည်တော် မေ ၁

အိုင်းမရေလွှဲဆည်ကို မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် အိုင်းမကျေးရွာအနီး မန်းချောင်းပေါ်၌ တည်ဆောက်ထားပြီး အလျား ပေ ၅၈၀၊ အမြင့် ၁၀ ပေ ကွန်ကရစ်၊ ကျောက်ပန်းရံ အမျိုးအစားဖြစ်ကာ ၁၈၉၁ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သဖြင့် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိနေပြီဖြစ်သည်။

ပေးအပ်

အဆိုပါ အိုင်းမရေလွှဲဆည်ကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဧပြီ ၂၉ ရက် မွန်းလွဲ ၁ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးပြီး အိုင်းမရေလွှဲဆည်၏ ရေသောက်စနစ်ဘေးဝဲယာရှိ မြေလွတ်မြေလပ်များ၌ နှစ်တို၊ နှစ်ရှည် သီးပင်စားပင်များစိုက်ပျိုးရန် ကွက်လပ်မကျန် အကျိုးရှိစွာ အသုံးပြုရေးအတွက် ဝန်ထမ်းများက စံပြစိုက်ပျိုးပြသ စည်းရုံးဆောင်ရွက်သွားကြရန်၊ ဆည်ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်း စောင့်ရှောက်နေသော ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် မွေးမြူရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ တည်ထောင်လုပ်ကိုင်ပေးရန်တို့ကိုမှာကြားကာ ဆည်ထိန်းသိမ်းစောင့်ရှောက်နေသော ဝန်ထမ်းမိသားစုများအား ထောက်ပံ့ငွေကျပ် သုံးသိန်း ပေးအပ်သည်။

ထို့နောက် မဲဇလီရေလွှဲဆည်သို့ ရောက်ရှိပြီး ရေလွှဲဆည်အားထိန်းသိမ်းထားရှိမှု၊ စိုက်ပျိုးရေများကို တောင်မုန်း၊ မြောက်မုန်း တူးမြောင်းမကြီးများဖြင့် ပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ရေပေးဝေ

မဲဇလီရေလွှဲဆည်ကို မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် မဲဇလီရွာအနီး မုန်းချောင်းပေါ်တွင် ၁၉၀၁ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သဖြင့် ရေလွှဲဆည်၏သက်တမ်းမှာ နှစ်ပေါင်း ၁၀၀ ကျော် ရှိပြီဖြစ်ကြောင်း၊ ယနေ့တိုင်အောင် တောင်မုန်း တူးမြောင်းမကြီးမှ ပွင့်ဖြူမြို့နယ်နှင့် မင်းဘူးမြို့နယ်တို့ကိုလည်းကောင်း၊ မြောက်မုန်း တူးမြောင်းမကြီးမှ ပွင့်ဖြူမြို့နယ်နှင့် စလင်းမြို့နယ် တို့ကိုလည်းကောင်း စိုက်ပျိုးမြေဧရိယာ ၈၂၆၂၃ ဧက အတွက် မိုးစပါး၊ နွေစပါး စိုက်ပျိုးရန် ရေပေးဝေလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ငဖဲမြို့နယ် ငဖဲမြို့၏အနောက်ဘက် သုံးမိုင်ခန့်အကွာ မန်းချောင်းပေါ်တွင် တည်ဆောက်ထားသော မန်းချောင်းရေလှောင်တမံအတွင်း ရေများသိုလှောင်ထားရှိမှုနှင့် ၂၀၁၀ ခုနှစ် အောက်တိုဘာလက ဂီရိမုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေတိုက်စားပျက်စီးခဲ့သည့် မန်းချောင်းရေလှောင်တမံ၏ ရေပိုလွှဲအောက်ပိုင်း ပြန်လည်ပြုပြင်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ မိုးမကျမီမေလအတွင်း ပြီးစီးရေးလုပ်ငန်းများ ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် စက်ယန္တရားကြီးများဖြင့် တမံ၏ အရန်ရေပိုလွှဲအသစ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မန်းချောင်းရေလှောင်တမံသည် ငဖဲမြို့အနောက်ဘက် သုံးမိုင်ခန့်အကွာ မန်းချောင်းပေါ်တွင် တည်ရှိပြီး တမံအလျားပေ ၄၄၈၀၊ အမြင့် ၁၃၅ ပေ ရှိသော မြေသားတမံအမျိုးအစားဖြစ်၍ ရေလှောင်ပမာဏ ၁၂၀၀၀၀ ဧကပေ သိုလှောင်နိုင်ကာ မြေဧရိယာ ၄၉၅၁ ဧကကို စိုက်ပျိုးရေပေးဝေလျက် ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်၊ တန်ခူးလကွယ် (ဥပုသ်နေ့)
၂-၅-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅	၂။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၂၅	၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။ နံနက်ခင်းသတင်း
၇:၄၀	၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၀	၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၀၅	၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈:၂၀	၉။ အဆိုပြိုင်ပွဲ
၈:၂၅	၁၀။ **စက်မှုတပ်ဆင်လုပ်ငန်းတွင်**
၈:၃၅	၁၁။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၄၀	၁၂။ International News
၈:၄၅	၁၃။ တေးဂီတအစီအစဉ်
၉:၀၀	၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၀၅	၂။ အကပဒေသာ
၄:၁၅	၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခြင်း)
၄:၂၅	၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၄:၄၀	၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၀	၆။ တေးဂီတအစီအစဉ်
၅:၀၅	၇။ မြန်မာစာ၊မြန်မာစကား
၅:၂၅	၈။ **မြန်မာတေးသံရှင်ရွေးချယ်ပွဲ**
၆:၀၀	၉။ ညနေခင်းသတင်း
၆:၁၅	၁၀။ မိုးလေဝသအခြေအနေ
၆:၂၀	၁၁။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀	၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၂၇)
၈:၀၀	၁၃။ ပြည်တွင်းသတင်း
	၁၄။ နိုင်ငံတကာသတင်းများ
	၁၅။ မိုးလေဝသအခြေအနေ
	၁၆။ **ကမ္ဘာကျော်သရုပ်ဆောင်များ**
	၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ** (အပိုင်း-၂၄)
	၁၈။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
	၁၉။ အစီအစဉ်ပြီး၏။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာကူကျောက်ရှီနှင့် တာဝန်ရှိသူများ ၂၀၁၁ခုနှစ် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ(မူဆယ်) ပြခန်းများကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ(မူဆယ်)ခင်းကျင်းပြသ

နေပြည်တော် မေ ၁

နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှု ပိုမိုတိုးတက်စေရန်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်စေရန်၊ စီးပွားရေးအခွင့်အလမ်းကောင်းများနှင့် မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းများ ရှာဖွေရရှိရန်၊ မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား ရရှိပြီး ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲရှင်သန်စေရန်နှင့် ပိုမိုတိုးမြှင့်ရန်တို့အတွက် ၂၀၁၁ခုနှစ် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ(မူဆယ်)ကို ဧပြီ ၂၉ ရက် နံနက် ၇ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ ကျင်းပသည်။ (ဝဲပုံ)

တက်ရောက်

အဆိုပါ ပြပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ယူနန်ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာကူကျောက်ရှီနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ခင်းကျင်းပြသ

ပြပွဲတွင် ပဲမျိုးစုံ၊ ရေထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်းများ၊ မြန်မာ့ပရိဘောဂများ၊ သစ်အချောထည်များ၊ ပန်းပုရုပ်တုများ၊ ပန်းချီကားများ၊ သစ်ကပ်ပန်းချီများ၊ လက်မှုအနုပညာပစ္စည်းများ စသည့် စုစုပေါင်းပြခန်း ၂၂၄ခန်း ခင်းကျင်းပြသကြကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြခန်း ၁၀၈ ခန်း၊ မြန်မာနိုင်ငံမှ ပြခန်း ၁၀၈ ခန်းနှင့် ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် လာအိုနိုင်ငံတို့မှ ပြခန်း ရှစ်ခန်းပြသကြကာ ပြခန်းတစ်ခန်း၏ အကျယ်အဝန်းမှာ ၃မီတာပတ်လည် အကျယ်အဝန်းရှိကြောင်း သိရှိရသည်။

အဆိုပါပြပွဲကို ဧပြီ ၂၉ ရက်မှ မေ ၁ ရက်အထိ ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်တော်ဆိုင်ကယ် မဆင်မခြင်မောင်းနှင်မှု စစ်ဆေးအရေးယူ ပညာပေးဆောင်ရွက်

နေပြည်တော် မေ ၁

နေပြည်တော် နယ်မြေအတွင်း ယာဉ်မတော်တဆမှုများတွင် မော်တော်ဆိုင်ကယ်အသုံးပြုသူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှု အများဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုသို့ဖြစ်ပွားရခြင်းမှာ ဆိုင်ကယ်စီးနင်းမောင်းနှင်သူအချို့သည် သင်တန်းတက်ရောက်ထားခြင်းမရှိသည့်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပြည့်ပြည့်စုံစုံမသိခြင်း၊ ဆိုင်ကယ်စီးမကျွမ်းကျင်ခြင်း၊ ဆိုင်ကယ်စီးဦးထုပ်ကို စနစ်တကျမဆောင်းခြင်း၊ နှစ်ဦးထက်ပိုစီးခြင်း၊ အရှိန်ပြင်းစွာမောင်းနှင်ခြင်းနှင့် မဆင်မခြင်မောင်းနှင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း သုံးသပ်ရရှိသဖြင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ စစ်ဆေးအရေးယူ ပညာပေးမှုကို အပတ်စဉ် ကြာသပတေး၊ တနင်္ဂနွေနေ့များ၌ အထူးအဖွဲ့များဖွဲ့စည်းပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ဆေးပညာပေး အရေးယူ ဆောင်ရွက်ခြင်းကို နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးစောလှနှင့် တာဝန်ရှိသူများက ဧပြီ ၂၈ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ နေပြည်တော်နယ်မြေအတွင်း လှည့်လည်ကြပ်မတ် စစ်ဆေးခဲ့ပြီး ဆောင်ရွက်ရမည့် နည်းလမ်းများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(ယာဉ်စည်းကမ်း)

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် မေ ၁

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် အောက်ဘိုတဲကျေးရွာနေ ဦးမောင်နိုင် အသက်(၃၈)နှစ်သည် ယနေ့တွင် မျှစ်ချိုးသွားစဉ် ရွာ၏အနောက်ဘက် နှစ်မိုင်ခန့်အကွာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိပြီး ဘယ်ခြေချင်းဝတ်ပြတ်ဒဏ်ရာ ရရှိခဲ့သဖြင့် တာဝန်ရှိသူများက ကော့ကရိတ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးဝါးကုသလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

** ရှေ့ဖုံးမှ*

တက်ရောက်

အဆိုပါ အသင်းသားစုံညီအစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို တက်ရောက်လာကြသည့် ဗဟိုအလုပ်အမှုဆောင်များ၊ အမှုဆောင်များနှင့် အသင်းသားများ၊ ညီနောင်အသင်းများမှ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုန်သည်များအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မိမိတို့ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်ကြမည်ဆိုသော တူညီသည့်ခံယူချက်များနှင့်အတူ အသင်းချုပ်ကြီး၏ ကောင်းမြတ်သော အစဉ်အလာများ ဆက်လက်ထိန်းသိမ်း အကောင်အထည်ဖော်သွားနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။

အပြိုင်အဆိုင်ကြိုးပမ်း

ယနေ့ နိုင်ငံတကာအခြေအနေကိုကြည့်လျှင် နိုင်ငံတိုင်းသည် မိမိတို့၏ အမျိုးသားအကျိုးစီးပွားကို ရှေ့တန်းတင်ပြီး မိမိတို့၏ အမျိုးသားနေအင်အားတိုးပွားရေး၊ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာရေးတို့အတွက် အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ပြည်တွင်း ပြည်ပ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများနှင့် ညီနောင်အသင်းများ၏ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

တိုးတက်လာခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယခင် ခေတ်အဆက်ဆက် မြန်မာ့စီးပွားရေးသည် "ဆန်စပါး" တစ်ခုတည်းပေါ်တွင် အလွန်အမင်း မှီခိုနေရသည့်အတွက် "rice economy" ဟု ခေါ်တွင်ခဲ့ရာမှ ယနေ့ နိုင်ငံတော်အစိုးရ၏ အားပေးမှု၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကြိုးစားအားထုတ်မှုကြောင့် လယ်ယာကဏ္ဍတွင် ဆန်စပါးအပြင် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာပို့ကုန်များ၊ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့တင်ပို့နိုင်ခဲ့သည့်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

မိမိတို့နိုင်ငံအနေဖြင့်လည်း မိမိတို့၏ အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်၏ စီးပွားရေးစနစ်ကို ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဖော်ဆောင်မည်ဖြစ်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၅)တွင် အတိအလင်း ဖော်ပြထားပြီးဖြစ်သကဲ့သို့ ပုဒ်မ(၃၆)တွင်လည်း နိုင်ငံတော်သည်-

(က) အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်။

(ခ) စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်။

(ဂ) အများပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်းမြှင့်တင်ရေးနှင့် အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးကို ရှေးရှုဆောင်ရွက်မည်။

(ဃ) စီးပွားရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြု။

(င) တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြုဟု ဥပဒေပြဋ္ဌာန်း ထားရှိခဲ့ပြီးဖြစ်ရာ နိုင်ငံတော်ရဲ့ စီးပွားရေးခိုင်မာစေရေးအတွက် ရှေးရှုပြီး ဖော်ဆောင်သတ်မှတ်ထားခြင်းဖြစ်ကြောင်း တွေ့ကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတကြီးက ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းပြီး ထည့်သွင်းပြောကြားရာ၌- "မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဆိုပြီး ယခင်က စိုက်ပျိုးရေးကိုပဲ ဇောင်းပေးပြီး လုပ်ခဲ့ကြကြောင်း၊ အဲဒီလိုလုပ်ခဲ့တဲ့အတွက် စားရေရိက္ခာ ဖူလုံမှုရှိတဲ့အပြင် ပိုလျှံမှုလည်းရှိကြောင်း၊ သို့သော်လည်း စိုက်ပျိုးရေးနဲ့ ချမ်းသာကြွယ်ဝတဲ့နိုင်ငံ ဖြစ်မလာနိုင်တဲ့အတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံ၊ ချမ်းသာကြွယ်ဝတဲ့နိုင်ငံ၊ အလုပ်အကိုင်တွေ ပေါများပြီး လူတစ်ဦးချင်းဝင်ငွေတွေ တိုးပွားတဲ့နိုင်ငံဖြစ်အောင် စက်မှုနိုင်ငံ ထူထောင်ရမည်ဖြစ်ကြောင်း။

"ဒါကြောင့် အစိုးရအနေနဲ့ လက်ရှိတိုးတက်မှုရှိနေတဲ့ စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်အောင် ဆောင်ရွက်ရင်း စက်မှုနိုင်ငံအဖြစ် ကူးပြောင်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ် ပေါ်ပေါက်လာရေးအတွက် လိုအပ်တဲ့ အခြေခံအဆောက်အအုံများ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ချမှတ်ထားခဲ့ပြီးဖြစ်ကြောင်း"ဖြင့် လမ်းညွှန်မှာကြားခဲ့ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကာလတို (၅)နှစ်စီမံကိန်းများ ချမှတ်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လက်ရှိကာလသည် ပဉ္စမကာလတို (၅)နှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တစ်နှစ်ပျမ်းမျှတိုးတက်မှုနှုန်း ၁၀ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန် ရည်မှန်းထားရှိသဖြင့် ဤရည်မှန်းချက် အောင်မြင်အောင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဦးဆောင်မှုဖြင့် ပုဂ္ဂလိကကဏ္ဍက အဓိကပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ပို့ကုန်တိုးတက်မှု

ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးခြင်းဖြစ်သည့်အတွက် ကုန်သွယ်မှုမြှင့်တင်နိုင်သည်နှင့်အမျှ တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည်လည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ အာရှနိုင်ငံများကို ကြည့်မည်ဆိုလျှင်လည်း ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်းတွင် စီးပွားရေးတိုးတက်မှုမြင့်မားသောနိုင်ငံများသည် ပို့ကုန်တိုးတက်မှုနှင့် ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်းများ ထူထောင်နိုင်မှုကြောင့်ဖြစ်သည်ကို တွေ့ရကြောင်း။

မိမိတို့နိုင်ငံ၏ ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကိုကြည့်မည်ဆိုရင် ဈေးကွက်စီးပွားရေးစနစ် စတင်ကျင့်သုံးသော ၁၉၈၈-၈၉ ခုနှစ်ထက် ယနေ့အချိန်တွင် ကုန်သွယ်မှုတန်ဖိုးသည် အဆ ၂၀ နီးပါး သိသိသာသာ အပြင် ပို့ကုန်အမယ်သစ်များဖြစ်သော သဘာဝဓာတ်ငွေ့၊ အသင့်ချုပ်ပြီးအထည်၊ ရေထွက်ပစ္စည်း၊ ကျောက်မျက်ရတနာများကိုလည်း ပိုမိုတင်ပို့လာနိုင်ခဲ့ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် လယ်ယာကဏ္ဍ ဖွံ့ဖြိုးမှုမှတစ်ဆင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် လုပ်ဆောင်သွားရမည်ဖြစ်သကဲ့သို့ လက်ရှိတင်ပို့နေသော အခြေခံကုန်စည်များ (primary items) သာမက ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်းများ (export oriented industries) ထူထောင်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ယခုအခါ အထူးစီးပွားရေးဇုန်ဥပဒေ (Special Economic Zone Law) ပြဋ္ဌာန်းပြီးဖြစ်သည့်အပြင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment) လုပ်ငန်းများနှင့် ပြည်တွင်းအသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ၏ အဟန့်အတား၊ အခက်အခဲများကို လိုအပ်ချက်ပေါ် မူတည်ပြီး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပေးနေသည့်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် Value Added ပို့ကုန်များ တိုးတက်ရေးအတွက် အထူးကြိုးစားကြရန် တိုက်တွန်းလိုကြောင်း။

ထို့အပြင် ၂၀၁၅ ခုနှစ်တွင် ASEAN လွတ်လပ်သော ကုန်သွယ်ရေးဇုန် ဖြစ်လာတော့မည်ဖြစ်၍ ပြိုင်ဆိုင်မှုများ ပိုမိုပြင်းထန်လာနိုင်သည့်အတွက် မိမိလုပ်ငန်းများ ရပ်တည်နိုင်အောင် ယခုကတည်းက အခြေခံခိုင်မာသောလုပ်ငန်းများဖြစ်ရေး ပိုမိုကြိုးပမ်း အကောင်အထည်ဖော်တည်ဆောက်ထားကြရန် လိုအပ်ကြောင်း။

တိုးချဲ့ဆောင်ရွက်

လယ်ယာပို့ကုန်များ ရေရှည်စဉ်ဆက်မပြတ် တိုးတက်ရန်အတွက်လည်း ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်တွင်းရောင်းဝယ်မှုပုံစံ စနစ်တကျ

ရှိရေး၊ စံချိန်စံညွှန်းများ တစ်နိုင်ငံလုံး တစ်ပြေးညီ
နှင့် သတင်းအချက်အလက်များ ဖလှယ်ရေးတို့
ကုန်စည်ဒိုင်များကို သင်းဖွဲ့စည်းမျဉ်း စနစ်တ
ဈေးနှုန်းမှန်၊ အရောင်းအဝယ်မှန်ဖြစ်အောင် ဆော
ယခုဆိုရင် တစ်ပြည်လုံး၌ ကုန်စည်ဒိုင် ၂၉ ဒိုင်
ရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ကုန်
ဦးဆောင်မှုဖြင့် ဖွဲ့စည်းနိုင်ခဲ့သည့်အတွက်လည်
သော အကျိုးကျေးဇူးများကို ရရှိခံစားနိုင်သည်ကို
တစ်နိုင်ငံလုံး တိုးချဲ့ဖွင့်လှစ်ပြီး ကုန်စည်ဒို
ထုတ်လုပ်မှု၊ စားသုံးမှု၊ အပိုအလို စသည်တို့ကို
ဈေးကွက်၊ ဈေးနှုန်း၊ ကုန်စည်စီးဆင်းမှုများအဝ
work ကြီးတစ်ခု တည်ဆောက်နိုင်ရန် လိုအပ်
ရာတွင် ကုန်စည်ထုတ်လုပ်သော လယ်သမ
ဈေးနှုန်း သတင်းနှင့် သတင်းအချက်အလက်များ
ပေးနိုင်ပြီး အချိန်လိုက်ပြောင်းလဲနေသည့် ဝယ်
သီးနှံအမျိုးအစားသတင်းများကို ပေးနိုင်သော
တိုးချဲ့ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။
တစ်ဆက်တည်းမှာပင် လယ်ယာပို့ကုန်
အရည်အသွေးပါ တိုးတက်စေရန် ၂၀၀၉ ခုနှ
Partnership ပုံစံဖြင့် ဖွဲ့စည်းထားသည့် အ
တောင်သူများ၏ အဓိကလိုအပ်ချက်များဖြစ်သေ
မျိုးကောင်း၊ မျိုးသန့်၊ ဓာတ်မြေဩဇာ စသည်
တိုက်ရိုက်ဖြန့်ဖြူးပေးနိုင်မှုကြောင့် တောင်သူများ
အလျောက် ပံ့ပိုးနိုင်ခဲ့သကဲ့သို့ အတိုင်းအတာတ
လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်သ
သီးနှံအထူးပြုကုမ္ပဏီများအနေဖြင့် ယခ
ဆက်လက်ရှင်သန်အောင် ကြိုးစားပြီး အားနည်
ကို ကုမ္ပဏီအတွင်း အစုရှယ်ယာဝင်များအချ
ဆွေးနွေးသုံးသပ်ခြင်း၊ တောင်သူလယ်သမားမျ
လိုအပ်ချက်များကို ဖော်ထုတ်ခြင်းတို့ဖြင့် ချို့ယွ
ကို အမြန်ဆုံး ပြင်ဆင်အားဖြည့် ဆောင်ရွက်
အသင်းချုပ်အနေဖြင့်လည်း သီးနှံအထူးပြုကု
အောင်မြင်လာအောင် တစိုက်မတ်မတ် လေ့လာ
ပံ့ပိုးကူညီဖြည့်ဆည်းခြင်းများကို ဆောင်ရွက်
ထို့အပြင်လည်း ဤနေရာ ဤအဆင့်မှာ
အနီးဈေးကွက် (Capital Market) ဖြစ်ပေါ်လာ
ကြိုးပမ်းသွားကြရန် တိုက်တွန်းလိုကြောင်း၊ ယခ
ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စ
အသင်းချုပ်အနေဖြင့် ပြည်တွင်းစီးပွားရေးအ
စီးပွားရေးအခြေအနေ ဖြစ်ပေါ်တိုးတက်ပြောင်း
လေ့လာသုံးသပ်ပြီး မိမိလုပ်ငန်းရှင်များ ပြောင်း
ဆောင်ရွက်နိုင်ရန် သုတေသနများ၊ ဈေးကွက်
အချက်အလက်များ ဖြန့်ဝေခြင်း၊ အသိပညာ
အမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းပြ
ပညာရှင်များ ဖိတ်ခေါ်ပြီး ဆွေးနွေးပွဲများ၊ ဟော
တိုးမြှင့်ဆောင်ရွက်သွားကြစေလိုကြောင်း။

ပူးပေါင်းဆောင်ရွက်

အသင်းချုပ်ကြီးအနေဖြင့် ပြီးခဲ့သည့်တ
များကိုကြည့်လျှင် အသင်းသားဦးရေ ၁၄၃၉ ဦ
နိုင်ခဲ့သည့်အတွက် စုစုပေါင်း အသင်းသားဦး
ခဲ့ပြီးဖြစ်၍ အင်အားတောင့်တင်းသော အသင်းချ
သာမက အသင်းချုပ်အောက်တွင် ညီနောင်အသ
စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကိုလည်
ထို့ပြင် ပြည်ပနိုင်ငံ ၂၀ မှ သံအမတ်ကြီ
စီးပွားရေးအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်င
သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များ
ရှင်များအသင်းချုပ်ကို လာရောက်တွေ့ဆုံဆွေး
၁၅ နိုင်ငံသို့လည်း ဆွေးနွေးပွဲများ၊ သင်တ
တက်ရောက်ရန် ၄၅၃ ဦးစေလွှတ်ခြင်း၊ ပြည်ပ
သည့် နိုင်ငံတကာကုန်စည်ပြပွဲ ၂၃ ခုကို လုပ်
ကုန်သွယ်မှုမြှင့်တင်ရေးကို ဆောင်ရွက်ခြင်း၊ A
တကာ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် တက်
နေသည့်အပြင် ပြည်ပနိုင်ငံ ၂၀ နှင့်လည်း M
ရေးထိုး ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အ
ပါကြောင်းနှင့် ပိုမိုတိုးမြှင့် ဆောင်ရွက်သွားနိ
ပါကြောင်း။
ယနေ့ စီးပွားရေးမျက်နှာစာကို ကြည့်မ
သည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် တစ်ဦ
(business ethic) ထိန်းကျောင်းရန် အထူ
ကုန်သွယ်ရေးတွင် ရေရှည်ပုံမှန်တင်ပို့သူ (re
အရည်အသွေး မှန်ကန်ရန် ကတိကဝတ်တည်
ကြောင်း၊ သို့မှသာ ဝယ်ယူသူနှင့် ရောင်းခ
ယုံကြည်မှု (mutual trust) တည်ဆောက်နိုင်မ
တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်၍ အသ
ညီနောင်အသင်းအသီးသီးကပါ အထူးအလေး
တိုက်တွန်းပြောကြားလိုကြောင်း။
ယခုအခါ ကမ္ဘာတစ်ဝန်း ရာသီဥတုဖေ
လာသည့်အတွက် လယ်ယာထွက်ကုန်စည်များ၏
အများ ထိခိုက်လာသဖြင့် ပြည်တွင်းပြည်ပ

ရှိရေး၊ စံချိန်စံညွှန်းများ တစ်နိုင်ငံလုံး တစ်ပြေးညီဖြစ်ရေး၊ ဈေးကွက်ဈေးနှုန်းနှင့် သတင်းအချက်အလက်များ ဖလှယ်ရေးတို့အတွက် ဒေသအသီးသီး၌ ကုန်စည်ဒိုင်များကို သင်းဖွဲ့စည်းမျဉ်း စနစ်တကျရေးဆွဲပြီး ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အရောင်းအဝယ်မှန်ဖြစ်အောင် ဆောင်ရွက်ပေးနေသည့်အတွက် ယခုဆိုရင် တစ်ပြည်လုံး၌ ကုန်စည်ဒိုင် ၂၉ ဒိုင်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ကုန်သည်စက်မှုအသင်းချုပ်၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းနိုင်ခဲ့သည့်အတွက်လည်း ပြည်သူများ ထိုက်သင့်သော အကျိုးကျေးဇူးများကို ရရှိခံစားနိုင်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံး တိုးချဲ့ဖွင့်လှစ်ပြီး ကုန်စည်ဒိုင်များအနေဖြင့် ကုန်စည်ထုတ်လုပ်မှု၊ စားသုံးမှု၊ အပိုအလို စသည်တို့ကို တွက်ချက်နိုင်ရမည့်အပြင် ဈေးကွက်၊ ဈေးနှုန်း၊ ကုန်စည်စီးဆင်းမှုများအတွက် Information Network ကြီးတစ်ခု တည်ဆောက်နိုင်ရန် လိုအပ်ကြောင်း၊ ယခုလိုဆောင်ရွက်ရာတွင် ကုန်စည်ထုတ်လုပ်သော လယ်သမားအဆင့်အထိ ဈေးကွက်ဈေးနှုန်း သတင်းနှင့် သတင်းအချက်အလက်များ၊ နည်းပညာသစ် ဖြန့်ဖြူးမှုပေးနိုင်ပြီး အချိန်လိုက်ပြောင်းလဲနေသည့် ဝယ်လိုအားအရ စိုက်ပျိုးရမည့် သီးနှံအမျိုးအစားသတင်းများကို ပေးနိုင်သော Centre တစ်ခုဖြစ်အောင် တိုးချဲ့ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တစ်ဆက်တည်းမှာပင် လယ်ယာပို့ကုန်များ၏ အရေအတွက်ရော၊ အရည်အသွေးပါ တိုးတက်စေရန် ၂၀၀၉ ခုနှစ်မှစပြီး Public Private Partnership ပုံစံဖြင့် ဖွဲ့စည်းထားသည့် အထူးပြုကုမ္ပဏီများအနေဖြင့် တောင်သူများ၏ အဓိကလိုအပ်ချက်များဖြစ်သော စိုက်ပျိုးစရိတ်ချေးငွေ၊ မျိုးကောင်း၊ မျိုးသန့်၊ ဓာတ်မြေဩဇာ စသည်တို့ကို လယ်သမားများအား တိုက်ရိုက်ဖြန့်ဖြူးပေးနိုင်မှုကြောင့် တောင်သူများ၏ လိုအပ်ချက်ကို အထိုက်အလျောက် ပံ့ပိုးနိုင်ခဲ့သကဲ့သို့ အတိုင်းအတာတစ်ခုအထိ သီးနှံထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း။

သီးနှံအထူးပြုကုမ္ပဏီများအနေဖြင့် ယခုကဲ့သို့ အစီအမံကောင်းများ ဆက်လက်ရှင်သန်အောင် ကြိုးစားပြီး အားနည်းချက် အားသာချက်များကို ကုမ္ပဏီအတွင်း အစုရှယ်ယာဝင်များအချင်းချင်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးသုံးသပ်ခြင်း၊ တောင်သူလယ်သမားများ၏ အမှန်ဖြစ်ပေါ်နေသော လိုအပ်ချက်များကို ဖော်ထုတ်ခြင်းတို့ဖြင့် ချို့ယွင်းချက်အားနည်းချက်တွေကို အမြန်ဆုံး ပြင်ဆင်အားဖြည့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသင်းချုပ်အနေဖြင့်လည်း သီးနှံအထူးပြုကုမ္ပဏီတစ်ခုချင်း တိုးတက်အောင်မြင်လာအောင် တစိုက်မတ်မတ် လေ့လာသုံးသပ်ထိန်းကျောင်းခြင်းနှင့် ပံ့ပိုးကူညီဖြည့်ဆည်းခြင်းများကို ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ထို့အပြင်လည်း ဤနေရာ ဤအဆင့်မှာပင် မရပ်တန့်စေဘဲ အရင်းအနှီးဈေးကွက် (Capital Market) ဖြစ်ပေါ်လာရေးအတွက်ကိုပါ မျှော်မှန်းကြိုးပမ်းသွားကြရန် တိုက်တွန်းလိုကြောင်း၊ ယခုလို ဖြစ်ပေါ်လာရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အနေဖြင့် ပြည်တွင်းစီးပွားရေးအခြေအနေနှင့် နိုင်ငံတကာစီးပွားရေးအခြေအနေ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို အစဉ်တစိုက်လေ့လာသုံးသပ်ပြီး မိမိလုပ်ငန်းရှင်များ ပြောင်းလဲမှုများနှင့်အတူ လိုက်ပါဆောင်ရွက်နိုင်ရန် သုတေသနများ၊ ဈေးကွက်ဈေးနှုန်းသတင်းနှင့် သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ အသိပညာပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းပြည်ပအသိပညာရှင်၊ အတတ်ပညာရှင်များ ဖိတ်ခေါ်ပြီး ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ သင်တန်းများ တိုးမြှင့်ဆောင်ရွက်သွားကြစေလိုကြောင်း။

ပူးပေါင်းဆောင်ရွက်

အသင်းချုပ်ကြီးအနေဖြင့် ပြီးခဲ့သည့်တစ်နှစ်လုံး၏ လုပ်ဆောင်မှုများကိုကြည့်လျှင် အသင်းသားဦးရေ ၁၄၃၉ ဦး တိုးတက်အောင် စည်းရုံးနိုင်ခဲ့သည့်အတွက် စုစုပေါင်း အသင်းသားဦးရေ ၂၁၁၆၂ ဦးအထိ ရှိလာခဲ့ပြီးဖြစ်၍ အင်အားတောင့်တင်းသော အသင်းချုပ်အဖြစ် ရပ်တည်နေသည့် သာမက အသင်းချုပ်အောက်တွင် ညီနောင်အသင်း ၅၉ သင်းနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရကြောင်း။

ထို့ပြင် ပြည်ပနိုင်ငံ ၂၀ မှ သံအမတ်ကြီးများ၊ သံရုံးတာဝန်ခံများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်ပေါင်း ၂၁၃၉ ဦးတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကို လာရောက်တွေ့ဆုံဆွေးနွေးခဲ့သကဲ့သို့ ပြည်ပနိုင်ငံ ၁၅ နိုင်ငံသို့လည်း ဆွေးနွေးပွဲများ၊ သင်တန်းများနှင့် အစည်းအဝေးတက်ရောက်ရန် ၄၅၃ ဦးစေလွှတ်ခြင်း၊ ပြည်ပနိုင်ငံ ၁၀ နိုင်ငံ၌ ကျင်းပသည့် နိုင်ငံတကာကုန်စည်ပြပွဲ ၂၃ ခုကို လုပ်ငန်းရှင် ၆၂၃ ဦးစေလွှတ်ပြီး ကုန်သွယ်မှုမြှင့်တင်ရေးကို ဆောင်ရွက်ခြင်း၊ ASEAN အပါအဝင် နိုင်ငံတကာ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေသည့်အပြင် ပြည်ပနိုင်ငံ ၂၀ နှင့်လည်း MoU ၇၅ စောင် လက်မှတ်ရေးထိုး ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အားရကျေနပ်ဖွယ် တွေ့ရှိရပါကြောင်းနှင့် ပိုမိုတိုးမြှင့် ဆောင်ရွက်သွားနိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း။

ယနေ့ စီးပွားရေးမျက်နှာစာကို ကြည့်မည်ဆိုရင် ပြိုင်ဆိုင်မှုမြင့်မားသည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် တစ်ဦးချင်း စီးပွားရေးကျင့်ဝတ် (business ethic) ထိန်းကျောင်းရန် အထူးလိုအပ်ကြောင်း၊ ပြည်ပကုန်သွယ်ရေးတွင် ရေရှည်ပုံမှန်တင်ပို့သူ (regular supplier) ဖြစ်ရန်၊ အရည်အသွေး မှန်ကန်ရန် ကတိကဝတ်တည်ရန်၊ ဈေးနှုန်းမှန်ရန် လိုအပ်ကြောင်း၊ သို့မှသာ ဝယ်ယူသူနှင့် ရောင်းချသူအကြား အပြန်အလှန်ယုံကြည်မှု (mutual trust) တည်ဆောက်နိုင်မည်ဖြစ်သည့်အတွက် ရေရှည်တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်၍ အသင်းချုပ်ကြီးကဦးဆောင်ပြီး ညီနောင်အသင်းအသီးသီးကပါ အထူးအလေးထား ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယခုအခါ ကမ္ဘာ့တစ်ဝန်း ရာသီဥတုဖောက်ပြန်မှုများ ပိုမိုဖြစ်ပေါ်လာသည့်အတွက် လယ်ယာထွက်ကုန်စည်များ၏ ထုတ်လုပ်မှုကို အနည်းနှင့်အများ ထိခိုက်လာသဖြင့် ပြည်တွင်းပြည်ပ ကုန်စည်ရောင်းဝယ်မှုများ

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

လုပ်ဆောင်သည့်နေရာတွင် “ပြည်တွင်း စားနပ်ရိက္ခာဖူလုံမှု” (food security) ကို မထိခိုက်အောင် ညှိညှိနှိုင်းနှိုင်း လုပ်ဆောင်သွားရန်လည်း မှာကြားလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ်ပေါ်ထွန်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်နေစေရေးတွင် အဓိကမဏ္ဍိုင်ဖြစ်သော ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၏ တိုးတက်မှုသည် အထူးအရေးကြီးသည့်အတွက် နိုင်ငံတော်အနေဖြင့် အခြေအနေကောင်းများ၊ အခွင့်အလမ်းများ၊ ပံ့ပိုးပေးမှုဖြစ်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အသင်းချုပ်ကြီးက ဦးဆောင်ပြီး လုပ်ငန်းရှင်များအားလုံး တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းကြီးနှင့်တကွ ညီနောင်အသင်းများအနေဖြင့် မိမိတို့၏ အစဉ်အလာကောင်းများကို ထိန်းသိမ်းရင်း အသင်းကြီး၏ ရည်ရွယ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် အားကြိုးမာန်တက် ကြိုးပမ်းအကောင်အထည်ဖော်သွားကြပါ။
- အာဆီယံအပါအဝင် နိုင်ငံတကာစီးပွားရေးနှင့် ကုန်သွယ်ရေးနယ်ပယ်အတွင်း စွမ်းဆောင်ရည်မြင့်မားသော ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအဖြစ် ဂုဏ်သိက္ခာမြင့်မားစွာ အစဉ်တစိုက်ရပ်တည်နိုင်ရေး အားထုတ်ကြိုးပမ်းသွားကြပါ။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးတွင် နိုင်ငံတော်သမ္မတကြီး၏ စီးပွားရေးမူဝါဒဆိုင်ရာ မိန့်ကြားချက်များဖြစ်သော–

- သဟဇာတမျှတသော ဈေးကွက်စီးပွားရေးစနစ် ပေါ်ထွန်းလာရေး၊
- စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်အောင်ဆောင်ရွက်ရင်း ခေတ်မီစက်မှုနိုင်ငံအဖြစ် ထူထောင်ရေး၊
- တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် ပုဂ္ဂလိကနှင့် အစုအဖွဲ့လုပ်ငန်းများအား လုပ်ကိုင်နိုင်စွမ်းရှိအောင် ဖန်တီးဖော်ဆောင်ပေးပြီး တိုင်းရင်းသားလုပ်ငန်းရှင်များ အင်အားကောင်းစွာ ပေါ်ထွန်းလာစေရေးတို့ကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူကာ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်

တိုက်တွန်း မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဒုတိယသမ္မတသည် အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ခန်းမအတွင်း၌ ခင်းကျင်းပြသထားသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ ပြည်တွင်းပြည်ပ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများနှင့် ညီနောင်အသင်းများ၏ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အသင်းသားစုံညီစည်းဝေး

နေပြည်တော် မေ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ဆက်လက်ကျင်းပသည်။

အဖွင့်အမှာစကား

အစည်းအဝေးတွင် သဘာပတိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အသင်းချုပ်နာယက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

အတည်ပြု

ဆက်လက်၍ အသင်းချုပ်တွဲဖက် အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်က အလုပ်အမှုဆောင်အဖွဲ့၏ ၂၀၁၀–၂၀၁၁ ခုနှစ်အတွက် နှစ်ပတ်လည် အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက် ရယူသည်။

ထို့နောက် ၂၀၀၉–၂၀၁၁ ခုနှစ် ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ နုတ်ထွက်ခြင်း၊ ၂၀၁၁–၂၀၁၃ ခုနှစ်အတွက် ဗဟိုအလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ခြင်းတို့ကို အစီအစဉ်အတိုင်းဆောင်ရွက်ပြီး ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးသောင်းတင်၊ ဦးမြဟန်၊ ဦးထွန်းအောင်၊ ဒေါက်တာမောင်မောင်လေး၊ ဦးလှမောင်ရွှေတို့ အပါအဝင် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ၅၀၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ၇၅ ဦးတို့၏ အမည်စာရင်းကို ကြေညာသည်။

အမှာစကားပြောကြား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ယင်းနောက် အစည်းအဝေး သဘာပတိ ဥက္ကဋ္ဌဦးဝင်းအောင်က နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

သဘာပတိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

နိုင်ငံတကာ ဂီတ

အောင်မြင်လင်းလက်ဆဲရော့ခ်တီးဝိုင်း ဘွန်ဂျိုဗီ၏ ပွဲရုံ

နယူးယောက် မေ ၁

အမေရိကန်နိုင်ငံတွင် အခြေစိုက်သည့် ဘွန်ဂျိုဗီတီးဝိုင်းသည် ၂၀၁၀ခုနှစ်အတွင်း ကမ္ဘာ့ဝင်ငွေအများဆုံးရသည့် ရော့ခ်ဂီတတီးဝိုင်းဖြစ်သည်။ ယခုနှစ်တွင်မူ ဘွန်ဂျိုဗီတီးဝိုင်းသည် ဝင်ငွေအကောင်းဆုံးစံချိန်ကို ဆက်လက်ထိန်းထားနိုင်မည့်အခြေအနေမရှိ ဖြစ်နေသည်။ အကြောင်းမှာ ဘွန်ဂျိုဗီတီးဝိုင်းအဖွဲ့၏ အဓိကခေါင်းဆောင်တစ်ဦးဖြစ်သည့် ရီချီဆမ်ဘိုရာ မပါဝင်နိုင်ခြင်းကြောင့် ဖြစ်သည်။

လာမည့် မြောက်အမေရိကနှင့် ဥရောပတစ်ဝန်း လှည့်လည်ဖျော်ဖြေမည့်ပွဲများအတွက် ဆမ်ဘိုရာမပါဝင်နိုင်တော့ကြောင်း တီးဝိုင်းအဖွဲ့ခေါင်းဆောင်ဘွန်ဂျိုဗီက ပြီးခဲ့သည့် ဧပြီ ၂၉ ရက်၌ ကြေညာခဲ့သည်။

ပြောကြား

ရီချီဆမ်ဘိုရာသည် တီးဝိုင်းအဖွဲ့၏ လီဒ်ဂီတာသမားဖြစ်သလို အဆိုတော်တစ်ဦးလည်း ဖြစ်သည်။ သူသည် ယခုအခါ အရက်အလွန်အကျွံသောက်မိ၍ အရက်နာကျကာ ပြန်လည်ဆေးကုသမှု ခံယူနေရသည်။ ပုံမှန် သီဆို၊ တီးခတ်နိုင်ရန် နှစ်အတန်ကြာနိုင်သည်ဟုဆိုသည်။ သို့သော် သူသည် ဘွန်ဂျိုဗီ တီးဝိုင်းအဖွဲ့သားအဖြစ် ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း အဆိုတော်ဘွန်ဂျိုဗီက ပြောကြားသည်။

ဘွန်ဂျိုဗီတီးဝိုင်းတွင် အဓိကအားဖြင့် ဘွန်ဂျိုဗီ၊ ရီချီဆမ်ဘိုရာ၊ ဒေးဗစ်ဘရိုင်ယန်၊ အလက်ဂျွန်ဆက်နှင့် တီကိုတောရက်စ်တို့ပါဝင်ကြသည်။ဘွန်ဂျိုဗီသည် အဆိုအပြင် လီဒ်ဂီတာ၊ စန္ဒရားတို့ကိုလည်း တီးခတ်နိုင်သူ ဖြစ်သည်။ ရီချီဆမ်ဘိုရာမှာ လီဒ်ဂီတာကို အဓိကတီးခတ်သူဖြစ်သည်။ဒေးဗစ်ဘရိုင်ယန်က ကီးဘုတ်တီးခတ်သူဖြစ်သည်။ အလက်ဂျွန်ဆက်မှာမူ ဘေ့စ်ဂီတာကို တီးခတ်သူ ဖြစ်သည်။ တီကိုတောရက်စ်သည် ဒရမ်တီးသူဖြစ်သည်။ ဘွန်ဂျိုဗီတီးဝိုင်းကို ၁၉၈၃ ခုနှစ်က အမေရိကန်နိုင်ငံ နယူးဂျာစီမြို့၌ ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ သူတို့ တီးဝိုင်းသည် မူလက သာမန်ဖျော်ဖြေရေး တီးဝိုင်းတစ်ခုသာဖြစ်သည်။

ဆမ်ဘိုရာ (ဝဲ)နှင့် ဘွန်ဂျိုဗီတို့၏ တီးခတ်ဖျော်ဖြေမှုမြင်ကွင်း....။

ဖြစ်လာ

သို့သော် ၁၉၈၀ လွန်နောက်ပိုင်း ဘွန်ဂျိုဗီတီးဝိုင်းကို အမေရိကန်နိုင်ငံတစ်ဝန်း လူသိများလာသည့် တီးဝိုင်း ဖြစ်လာခဲ့သည်။ ထိုအချိန်မှစပြီး ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်သီချင်း၊ ကိုယ်ပိုင်သံစဉ်များဖြင့် ဆန်းသစ်တီထွင် တီးခတ်ခဲ့ရာမှ အမေရိကန်ပရိသတ်များသာမက ဥရောပတိုက်အထိ အောင်မြင်ကျော်ကြားခဲ့သည့် တီးဝိုင်းဖြစ်လာခဲ့သည်။

မွေးဖွား

ဘွန်ဂျိုဗီနှင့် အဖွဲ့သားများသည် ကမ္ဘာတစ်ဝန်း လှည့်လည်ဖျော်ဖြေခဲ့ကြရာ ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်က ကမ္ဘာ့ ဝင်ငွေအကောင်းဆုံး တီးဝိုင်းအဖြစ်ထင်ရှားခဲ့သည်။ ထိုနှစ် တစ်နှစ်တည်းတွင် အမေရိကန်ဒေါ်လာ ၂၀၁ သန်း ရရှိခဲ့သည်။ ဘွန်ဂျိုဗီသည် အမေရိကန်နိုင်ငံသား တစ်ဦးဖြစ်ပြီး ၁၉၆၂ ခုနှစ် မတ် ၂ ရက်တွင် သူ့ကို မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဂျွန်ဖရန့်ဆစ်ဘွန်ဂျိုဗီ ဖြစ်သည်။

ဘက်စုံအနုပညာရှင်

သူသည် ဂီတအနုပညာရှင်တစ်ဦးဖြစ်သည်သာမကသရုပ်ဆောင်နှင့် စာရေးဆရာ အလုပ်ကိုလည်း လုပ်ကိုင်နေသူ ဖြစ်သည်။ ဘက်စုံအနုပညာရှင်ဟု ပြောရမည်သာဖြစ်သည်။ သူသည် ၁၉၈၉ ခုနှစ်တွင် ဒိုရိုသီရာဟာလေးဆိုသူနှင့် လက်ထပ်ခဲ့ပြီး သားသုံးယောက်၊သမီးတစ်ယောက် ထွန်းကားခဲ့သည်။ ဘွန်ဂျိုဗီ၏ မိဘများမှာ ဂျွန်ဘွန်ဂျီယိုဗီနှင့် ကာရိုဘွန်ဂျီယိုဗီတို့ ဖြစ်သည်။ ဖခင်ဖြစ်သူမှာ ဆံပင်ညှပ်ဆရာဖြစ်သည်။

ဘွန်ဂျိုဗီတီးဝိုင်းသည် သက်တမ်းကြာခဲ့ပြီဖြစ်သော်လည်း တီးဝိုင်းအဖွဲ့သားများ၏စည်းလုံးညီညွတ်မှုနှင့် ဆန်းသစ်သောကိုယ်ပိုင်သီဆိုဟန်များကြောင့် ကမ္ဘာ့ရော့ခ်ဂီတချစ်သူ ပရိသတ်များ အကြားဆက်လက်လူကြိုက်များအားပေး လျက်ရှိသည်။ **ကိုးကား-အင်တာနက်**

ဖြင့်မောင်စိုး —— စုစည်းသည်

အဆိုတော် မာရိုင်းကာရေး သားနှင့်သမီးအမြွှာလေးများမွေး

လော့စ်အိန်ဂျလိစ် မေ ၁

ကမ္ဘာပေါ်၌ အမြွှာပူးကလေးများ မွေးဖွားကြရာတွင် ညီအစ်မ သို့မဟုတ် ညီအစ်ကိုအမြွှာပူးများ ပိုမိုများပြားသည်။ မိန်းကလေးနှင့် ယောကျ်ားလေးတွဲမွေးသည့် အမြွှာရှား၏။ ထိုထူးခြားဆန်းပြားသည့် အမြွှာကို အမေရိကန်တွင် လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားနေသောအဆိုတော်ဇနီးမောင်နှံတို့က မွေးဖွားခဲ့သည်။ သူတို့အမည်မှာ စူပါစတား အဆိုတော် မာရိုင်းကာရေးနှင့် နစ်ကင်နွန်တို့ပင်ဖြစ်၏။

သူတို့ဇနီးမောင်နှံ လက်ထပ်ထိမ်းမြားသည့် မင်္ဂလာသက်တမ်း လေးနှစ်ပြည့်သော ဧပြီ ၃၀ရက်က မွေးဖွားခဲ့ခြင်းဖြစ်သည်။ (အပေါ်ပုံ)

ထိုကလေးများကို လော့စ်အိန်ဂျလိစ်ဆေးရုံ၌ ဒေသစံတော်ချိန် ၁၂ နာရီက စူပါစတား အဆိုတော် မာရိုင်းကာရေးသည် မွေးဖွားခဲ့ခြင်း ဖြစ်သည်။ ပထမဆုံး သမီးလေးကိုမွေးဖွားသည်။ ကိုယ်အလေးချိန် ၅ပေါင်နှင့် ၃အောင်စသာရှိသည်။ အရပ် ၁၈လက်မဖြစ်၏။ ထို့နောက် သားဖြစ်သူကိုမွေးသည်။ ကိုယ်အလေးချိန် ၅ပေါင်နှင့် ၆အောင်စရှိသည်။ အရပ်အရှည် ၁၉ လက်မရှိ၏။ သားဖြစ်သူက သမီးထက် အရပ်ပိုရှည်သည်ကို တွေ့ရ၏။ သို့သော် ကလေးများ၏ အမည်များကို မပေးရသေးဟုဆိုသည်။

စီစဉ်

မကြာမီ ယင်းတို့၏ မင်္ဂလာလေးနှစ်ပြည့် အခမ်းအနားနှင့်ကလေးများ၏ မွေးနေ့ကိုတွဲ၍ ကျင်းပသွားရန်စီစဉ်နေကြောင်း သိရသည်။ (အင်တာနက်)

နိုင်ငံတကာ ရုပ်ရှင်

တရုတ် ရုပ်ရှင်မင်းသမီး ယန်မီ ၂၀၁၁ ခုနှစ်အတွက် ရိုက်ကူးရက်များပြည့်နေ

မောင်မောင်မြင့်ဆွေ
ရေးသားသည်

ပေကျင်း မေ ၁

တရုတ် ရုပ်ရှင်လောကတွင် အမျိုးသမီး လူငယ်သရုပ်ဆောင်များအနက် လူကြိုက်အများဆုံး ရုပ်ရှင်မင်းသမီး ယန်မီသည် ၂၀၁၁ ခုနှစ်အကုန်အထိ ရိုက်ကူးရေးရက်များ ပြည့်လျက်ရှိကြောင်းသိရသည်။ မေလကုန်၌ တရုတ်ရာဇဝင် ဇာတ်ကားတစ်ကား၌ ပါဝင်သရုပ်ဆောင်မည် ဖြစ်သည်။ ယန်မီအနေဖြင့် ၎င်းရုပ်ရှင်ဇာတ်ကား၌ တရုတ်လူမျိုးတို့၏ ရိုးရာဓလေ့ယဉ်ကျေးမှုကို ထိန်းသိမ်းမြတ်နိုးသူ မိန်းကလေးတစ်ဦးအဖြစ် သရုပ်ဆောင်ရမည်။ အသက် ၂၅နှစ်အရွယ်သာရှိသေးသော်လည်း ရုပ်ရှင် ဇာတ်ကားကြီး ရှစ်ကားတွင် ပါဝင်ရိုက်ကူးထားပြီးသူလည်း ဖြစ်သည်။

ယန်မီသည် ၁၉၉၁ ခုနှစ်က Tang Minghuang ရုပ်ရှင်ဇာတ်ကားတွင် စီအင်ယီ မင်းသမီးအဖြစ် စတင်ပါဝင်သရုပ်ဆောင်ခဲ့ရာမှ ပရိသတ်များ အားပေးခြင်းခံခဲ့ရပြီး လူကြိုက်များခဲ့ခြင်းဖြစ်သည်။ ထို့နောက် တရုတ်စကားပြော ဇာတ်ကားများဖြစ်သည့် King of Beggars၊ Yingxiong Jie၊ Geshou၊ Beijing၊ Fairytale၊ The Door၊ Mysterious Island၊ Empires of the Deep ရုပ်ရှင်ဇာတ်ကားများ၌ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သူ ဖြစ်သည်။ (ဝဲပုံ)

ယန်မီသည် တရုတ်ဇာတ်ကားဖြစ်သော်လည်း အင်္ဂလိပ်စာတန်းထိုး ဇာတ်ကားများဖြစ်သည့် Tang Minghuang၊ Hou Wa၊ The Story of a Noble Family၊ Shuangxiang Pao ရုပ်ရှင်ဇာတ်ကားများကိုလည်း ရိုက်ကူးခဲ့သူဖြစ်သည်။

ထို့အပြင် ရုပ်မြင်သံကြားဇာတ်လမ်းတွဲများဖြစ်သည့် Guo Yiang၊ The Return of the Condor Heroes၊ Tang Yuejian in Chinese Paladin-3 စသည့် ဇာတ်လမ်းတွဲများ၌လည်းပါဝင်သရုပ်ဆောင်ခဲ့ရာ လူကြိုက် များခဲ့သည်။ ပေကျင်းရုပ်ရှင်အကယ်ဒမီ သိပ္ပံကျောင်းမှ ကျောင်းသူတစ်ဦးဖြစ်ခဲ့သော ယန်မီသည် သရုပ်ဆောင် မင်းသမီးအဖြစ်သာမက မော်ဒယ်အလုပ်ကိုလည်း တွဲဖက်လုပ်ဆောင်လျက်ရှိသည်။ မော်ဒယ်အဖြစ်လည်း တရုတ်နိုင်ငံတစ်ဝန်း ပရိသတ်များက အားပေးလျက်ရှိရာ မကြာမီ တေးသီချင်းများ သီဆိုဖျော်ဖြေရန်လည်း စီစဉ်လျက်ရှိသည်။

မီမီဟု ပရိသတ်များက ချစ်စနိုးခေါ်ဆိုကြသည့် ယန်မီသည် လောလောဆယ်တွင် ချစ်သူမရှိသေးသူဖြစ်သည်။ (အင်တာနက်)

ပရက်စလေ၏မြေး စနိုးဝှိုက်ဖြစ်ခွင့်ရမည်လား

လော့စ်အိန်ဂျလိစ် မေ ၁

၁၉၃၇ခုနှစ်က ဒါရိုက်တာဒေးဗစ်ဟမ်းရိုက်ကူးခဲ့သည့် Snow White ရုပ်ရှင်ဇာတ်ကားကို ယခုအခါ ဟောလိဝုဒ်၌ ပြန်လည်ရိုက်ကူးတော့မည်ဖြစ်သည်။

ယင်းစနိုးဝှိုက် ရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်မင်းသမီး စနိုးဝှိုက်အဖြစ်သရုပ်ဆောင်မည့် ရုပ်ရှင်မင်းသမီးကို ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက မကြာမီရွေးချယ်တော့မည်ဖြစ်သည်။ စနိုးဝှိုက်အဖြစ် သရုပ်ဆောင်ရမည့် ရုပ်ရှင်မင်းသမီးကို နောက်ဆုံးဆန်ခါတင် ရွေးချယ်ထားသည့်လေးဦးမှ တစ်ဦးရွေးချယ်မည်ဖြစ်သည်။

သရုပ်ဆောင်မင်းသမီးလေးဦးဖြစ်သည့် ရီလေကီရော့၊ ဖီလီစီတီဂျုန်းစ်၊ ဘီလ်လာဟက်ကော့နှင့် အလီစီရာဗီကင်ဒါတို့မှ စနိုးဝှိုက်အဖြစ် တစ်ဦးကိုရွေးချယ်မည်ဖြစ်သည်။ ၎င်းတို့လေးဦးအနက် စနိုးဝှိုက်အဖြစ် ရွေးချယ်ခံရမည်ဟု ရေပန်းအစားဆုံး သရုပ်ဆောင်မင်းသမီးမှာ ရီလေကီရော့ဖြစ်သည်။ အသက် ၂၂ နှစ်သာ ရှိသေးသည့် ရီလေကီရော့မှာ ဆွဲဆောင်မှုအပြည့်ရှိသော ရုပ်ရည်ပိုင်ဆိုင်ထားသူဖြစ်သည်။ ***(အောက်ပုံ)***

ထူးခြားမှုမှာ သေဆုံးသွားပြီဖြစ်သည့် ကမ္ဘာကျော်အဆိုတော် ပရက်စလေ၏ မြေးဖြစ်ရာ ပရိသတ်များကလည်း ရီလေကီရော့ကို စနိုးဝှိုက်အဖြစ် ရွေးချယ်ရန် ဆန္ဒရှိနေကြသည်။ ရီလေကီရော့သည် ပရက်စလေနှင့်ဇနီးဖြစ်သူ ပရီစီလာ ပရက်စလေတို့၏သားအကြီးဆုံး မာရီပရက်စလေနှင့် ဇနီးဖြစ်သူ ဒန်နီကီရော့တို့၏သမီးဖြစ်သည်။သူမကလည်း စနိုးဝှိုက်မင်းသမီးအဖြစ် သရုပ်ဆောင်ရန် ဆန္ဒပြင်းပြလျက်ရှိသည်။ အပြာရောင်မျက်လုံး၊ ရွှေရောင်ပြေးနေသော ဆံပင်၊ အရပ် ငါးပေခုနစ်လက်မရှိပြီး အချိုးကျလှပသည့် ခန္ဓာကိုယ်အနေအထားကို ပိုင်ဆိုင်ထားသူ ရီလေကီရော့မှာ သရုပ်ဆောင်တစ်ဦးအပြင် မော်ဒယ်တစ်ဦးလည်းဖြစ်သည်။ အသက် ၁၄နှစ်အရွယ်ကပင် မော်ဒယ်အလုပ်လုပ်ကိုင်ခဲ့ပြီး အသက် ၁၉နှစ်၌ The Runaways ရုပ်ရှင်ဇာတ်ကားတွင် အရန် မင်းသမီးအဖြစ် စတင်ပါဝင်သရုပ်ဆောင်ခဲ့သည်။

၂၀၁၀ ခုနှစ်၌ The Good Doctor ရုပ်ရှင်ဇာတ်ကားတွင် ခေါင်းဆောင်မင်းသမီးအဖြစ် စတင်သရုပ်ဆောင်ခဲ့ပြီး ၂၀၁၁ ခုနှစ်၌ Jack & Diane ရုပ်ရှင်ဇာတ်ကား၌လည်း ခေါင်းဆောင်မင်းသမီးအဖြစ်ပါဝင်သရုပ်ဆောင်ထားသည်။

စိတ်ဝင်စား

ရီလေကီရော့အနေဖြင့် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စနိုးဝှိုက်အဖြစ်သရုပ်ဆောင်ရန် ရွေးချယ်ခံရရေးကိုမျှော်လင့်လျက်ရှိသည်။ ရီလေကီရော့သည် ယောကျ်ားလေး မိတ်ဆွေများစွာနှင့် တွဲလေ့ရှိသော်လည်း စွဲစွဲမြဲမြဲတွဲသူမရှိချေ။ ယခုအခါစနိုးဝှိုက်မင်းသမီးအဖြစ်ရွေးချယ်ခံရမှု ရှိမရှိကို ပရိသတ်များက စိတ်ဝင်စားလျက်ရှိသည်။ ***(အင်တာနက်)***

နိုင်ငံတကာအားကစား

[illegible]

လန်ဒန် မေ ၁

မန်ယူအသင်းတွင် လက်ရှိအချိန်၌ ခြေစွမ်းပြ ဂိုးသွင်းနေသော လူငယ်တိုက်စစ်မှူး ဟာနန်ဒက်ဇ်သည် မန်ယူ၏ အဓိက တိုက်စစ်မှူးအဖြစ် ရောက်ရှိလာရေးကြိုးစားလျက်ရှိသည်။ **(အပေါ်ပုံ)**

အသက်ငယ်ရွယ်သော်လည်း ဂိုးသွင်းခြေစွမ်းထက်မြက်သည့် ဟာနန်ဒက်ဇ်၏ ကိုယ်ရေးအကျဉ်းမှာ-

အမည်ရင်း ။ ။	ဂျာဗီရာ ဟာနန်ဒက်ဇ်
မွေးရပ် ။ ။	မက္ကဆီကိုနိုင်ငံ ဂွာဒါလာဂျာရာမြို့
မွေးသက္ကရာဇ် ။ ။	၁၉၈၈ ခုနှစ် ဇွန် ၁ ရက်
ဘောလုံးစတင်ကစားသည့်ကလပ် ။ ။	ဂွာဒါဂျာရာ အသင်း (၂၀၀၆ ခုနှစ်)
ဂိုးသွင်းမှု ။ ။	ဂွာဒါဂျာရာအသင်း၌ ၂၀၀၉-၂၀၁၀ ဘောလုံးရာသီအထိ ဂိုးပေါင်း ၃၀။
အသင်းပြောင်းရွှေ့မှု ။ ။	၂၀၁၀-၂၀၁၁ ၌ မန်ယူသို့ ပြောင်းရွှေ့
မန်ယူ၌ဂိုးသွင်းမှု ။ ။	ပရီမီယာလိဂ် ၂၄ ပွဲကစား၊ ၁၂ ဂိုးသွင်းယူ
မန်ယူ၌ဂျာစီနံပါတ် ။ ။	၁၄
အနာဂတ်မျှော်လင့်ချက် ။ ။	မက္ကဆီကိုအသင်းနှင့် မန်ယူ၌ ပုံမှန်ပွဲထွက် တိုက်စစ်မှူးဖြစ်ရန်။
အချစ်ရေး ။ ။	မက္ကဆီကို၌ ချစ်သူရှိနေ။

နာပိုလီ ကွင်းလယ်ကစားသမား လာဗီဇီ ဘာစီလိုနာအသင်းခေါ်ရန် ကြိုးစားနေ

ရောမ မေ ၁

အီတလီကလပ်နာပိုလီအသင်းမှ ကွင်းလယ်ကစားသမား လာဗီဇီအား ဘာစီလိုနာအသင်းက ခေါ်ယူလိုကြောင်း အကြောင်းကြားစာကို မိမိတို့ လက်ခံရရှိသည်ဟု လာဗီဇီ၏ အေးဂျင့်ဖြစ်သူ မက်ဇိုနီက ပြောကြားသည်။

အသက် ၂၅ နှစ်အရွယ်ရှိ အာဂျင်တီးနား ကွင်းလယ်ကစားသမား လာဗီဇီကလည်း ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန် စိတ်အားထက်သန်လျက်ရှိသည်။ သို့သော် လက်ရှိကစားနေသော နာပိုလီအသင်းနှင့် နောက်ထပ်တစ်နှစ်ကစားရန် စာချုပ်သက်တမ်း ရှိနေဆဲဖြစ်သည်။

နာပိုလီအသင်းကမူ လာဗီဇီအား ဘာစီလိုနာအသင်းသို့ ရောင်းချရန် သို့မဟုတ် ငြင်းဆိုရန် တစ်စုံတစ်ရာ အကြောင်းမပြန်သေးသော်လည်း လာဗီဇီက ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားသည်။ **(အင်တာနက်)**

အာကာဟိန်း
စုစည်းသည်

ကမ္ဘာ့ဖလား လက်ရှိချန်ပီယံ စပိန်အသင်း ဗင်နီဇွဲလား အမေရိကန်အသင်းတို့နှင့် ခြေစမ်းပွဲကစားမည်

မက်ဒရစ် မေ ၁

ကမ္ဘာ့ဖလား လက်ရှိချန်ပီယံ စပိန်အသင်းသည် **(အောက်ပုံ)** ချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် ဗင်နီဇွဲလားဘောလုံးအသင်းနှင့် လာမည့်ဇွန် ၁ ရက်၌ ကစားရန်စီစဉ်ထားကြောင်း စပိန်ဘောလုံးအဖွဲ့ချုပ်က မေ ၁ ရက်၌ သတင်းထုတ်ပြန်သည်။

စပိန်ဘောလုံးအသင်းသည် အမေရိကန်ဘောလုံးအသင်းနှင့်လည်း ဇွန် ၄ ရက်၌ ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသည်။ စပိန်အသင်းသည် ၂၀၀၉ခုနှစ်က အမေရိကန်အသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့သည်။

ဗင်နီဇွဲလားအသင်း၊ အမေရိကန်အသင်းတို့နှင့်ချစ်ကြည်ရေးခြေစမ်းပွဲကစားရာတွင် ပါဝင်မည့် ကစားသမားများကို လောလောဆယ် မသတ်မှတ်ရသေးကြောင်း စပိန်ဘောလုံးအဖွဲ့ချုပ်က ပြောကြားသည်။ **(အင်တာနက်)**

မောင်ချစ်ကြည် – စုစည်းသည်

အားကစားသတင်းအတိုအထွာ

❖ *ဂျာမန် ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား အန်တိုနီရိုဒါဆီးလ်ဗားအား လီဗာပူးအသင်းက ယခုနှစ် နွေရာသီ၌ ခေါ်ယူရန် စီစဉ်နေကြောင်း လီဗာပူးကလပ် တာဝန်ရှိသူများက ပြောကြားသည်။*

❖ *ဆွစ်ဇာလန်နိုင်ငံ နူချာတယ်မြို့၌ ကျင်းပလျက်ရှိသည့် ဥရောပ စက်ဘီးစီးပြိုင်ပွဲ၌ ဘိုင်နီကူရော့ဗ်က ပထမ၊ ဂျာမနီမှ တိုနီမာတင်က ဒုတိယ ရရှိခဲ့သည်။*

❖ *ဘရာဇီးမှ ကမ္ဘာကျော် ဘောလုံးသမား အသက် ၃၄ နှစ်အရွယ်ရှိ ရော်နယ်ဒိုသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလက ဘောလုံးကစားခြင်းမှ အနားယူခဲ့သော်လည်း ကုလသမဂ္ဂ၏ ဘောလုံးဆိုင်ရာ သံတမန်တစ်ဦးအဖြစ် ဆောင်ရွက်လျက်ရှိသည်။*

❖ *ဘာစီလိုနာအသင်းအနေဖြင့် ကမ္ဘာ့ဘောလုံးလောက တိုးတက် ဖွံ့ဖြိုးရေးကိစ္စများတွင် တတ်နိုင်သမျှ ပါဝင်စွမ်းဆောင်သွားမည်ဖြစ်ကြောင်း၊ ရန်ပုံငွေ ရှာဖွေရေးပွဲများ၊ ချစ်ကြည်ရေး ခြေစမ်းပွဲများကိုလည်း ကစားသွားမည်ဖြစ်ကြောင်း ယင်းကလပ်က မေ ၁ ရက်၌ သတင်းထုတ်ပြန်သည်။*

❖ *စပါးကလပ်မှ တိုက်စစ်မှူး ပီတာခရော့ချ်မှာ ယခုနှစ်ဘောလုံးရာသီကုန်၌ အသင်းမှထွက်ခွာရန် ရှိနေပြီး ဘလက်ဘန်းအသင်းက ခေါ်ယူရန် ပြင်ဆင်နေကြောင်း ဘလက်ဘန်းအသင်းက မေ ၁ ရက်၌ သတင်းထုတ်ပြန်သည်။*

❖ *ဆန်းဒါးလန်းအသင်း တိုက်စစ်မှူး အဆာမိုဂျန်အား မန်စီးတီး အသင်းက ခေါ်ယူရန် ကမ်းလှမ်းသော်လည်း ဆန်းဒါးလန်းအသင်းက ပယ်ချလိုက်ပြီး ၄င်းအား ထုတ်ရောင်းမည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။*

❖ *မန်ယူ တိုက်စစ်မှူး ရွန်နေက မိမိသည် မန်ယူ၌ အမြဲတမ်းကစားလိုသော ဆန္ဒရှိသော်လည်း နည်းပြဖာဂူဆန် အနားယူသည့်အချိန် နောက်ပိုင်း အသင်းမှ ပြောင်းရွှေ့ကစားရန် စဉ်းစားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။ (အင်တာနက်)*

ဘွန်ဒက်စ်လီဂါဖလား ဒေါ့မွန်အသင်းဆွတ်ခူး

မြူးနစ် မေ ၁

ဂျာမန်ဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲများကို ဧပြီ ၃၀ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဒေါ့မွန်အသင်းက နူရင်ဘတ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ပွဲမကုန်မီ ချန်ပီယံဆုဖလား ဆွတ်ခူးသွားခဲ့ပြီဖြစ်သည်။

ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲကစားရန် နှစ်ပွဲကျန်ရှိနေသေးသည်။ ဒေါ့မွန်အသင်း၏ အနီးကပ်ပြိုင်ဘက် ဘိုင်ယာလေဗာကူဆင်အသင်းက ကိုလုံအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားခဲ့၍ ဒေါ့မွန်တို့ စောစီးစွာ ဖလားမြှောက်ခွင့်ရခဲ့ခြင်းဖြစ်သည်။ *(အပေါ်ပုံ)*

ဒေါ့မွန်အသင်းသည် ယခုနှစ် ဂျာမန်ဘွန်ဒက်စ်လီဂါဘောလုံး ရာသီတွင် ၃၂ ပွဲကစားပြီးချိန်တွင် ၂၂ ပွဲ အနိုင်ရခဲ့သည်။ လေးပွဲသာအရှုံးရှိသည်။ ယခုဆွတ်ခူးနိုင်သည့် ဖလားသည် ၂၀၀၂ ခုနှစ်နောက်ပိုင်း ပထမဆုံးဆွတ်ခူးနိုင်သည့် ဖလားဖြစ်သည်။ သို့သော် ဒေါ့မွန်အသင်းသည် ဂျာမန်ဘွန်ဒက်စ်လီဂါဖလားကို ခုနစ်ကြိမ်မြောက်အဖြစ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ လာမည့် မေ ၇ ရက်နှင့် ၁၄ ရက်တို့တွင် ဘွန်ဒက်စ်လီဂါ လက်ကျန်ပွဲများ ဆက်လက်ကစားရန် ကျန်ရှိနေသေးသည်။ သို့သော် ဒေါ့မွန်အသင်းက ယခုနှစ်အတွက် ချန်ပီယံဆုကို စောစီးစွာရယူသွားနိုင်ခဲ့ပြီဖြစ်သည်။

(အင်တာနက်)

ဖာဂူဆန်နှင့် ချန်ပီယံလိဂ်ဖလား

မြင့်မောင်စိုး ➡ စုစည်းသည်

လန်ဒန် မေ ၁

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ကစားအပြီးတွင် မန်ယူနှင့် ဘာစီလိုနာတို့က ပြိုင်ဘက်အသင်းများကို အသီးသီးအနိုင်ရထားသဖြင့် ဗိုလ်လုပွဲသို့တက်ရန် တာစူနေကြပြီဖြစ်သည်။

ပထမအကျော့ပြိုင်ပွဲတွင် မန်ယူက ဂျာမန်ကလပ်ရှော်လ်ကေးအသင်းကို အဝေးကွင်းကစားပြီး နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။ ထို့အတူ ဘာစီလိုနာအသင်းကလည်း စပိန်လာလီဂါ ပြိုင်ဘက်ရီးရဲမက်ဒရစ်ကို အဝေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရထားသည်။

မျှော်လင့်ရ

ပထမအကျော့ပြိုင်ပွဲခြေစွမ်းကို သုံးသပ်ကြည့်လျှင် မန်ယူက ရှော်လ်ကေးထက် ခြေစွမ်းအသာဖြင့် ကစားသွားသည်ကို တွေ့ရသည်။ အိမ်ကွင်းကစားရသည့် ရှော်လ်ကေးတိုက်စစ်မှူးများသည် မန်ယူနောက်တန်းကို ထိုးဖောက်နိုင်စွမ်းအားနည်းနေသည်ကို တွေ့ရသည်။ ဒုတိယအကျော့ မန်ယူ၏ အိုးထရက်ဖို့ဒ်ကွင်းတွင် ကစားမည်ဆိုပါက ရှော်လ်ကေး၏ ခြေစွမ်းမှာ ပိုပြီး ဆိုးသွားနိုင်သည်။ ယင်းအတွက် နည်းပြဖာဂူဆန်၏ မန်ယူက သူ့အိမ်သူ့ပရိသတ်ရှေ့မှောက်မှာ ရှော်လ်ကေးကို ပြတ်ပြတ်သားသား အနိုင်ယူပြီး ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်မည်ဟု မျှော်လင့်ရသည်။

ဒုတိယအကျော့ပြိုင်ပွဲကိုလာမည့် မေ ၄ ရက်မှာ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ မန်ယူ၏ အဓိက တိုက်စစ်မှူးတွေဖြစ်သည့် ရွန်နေ၊ နာနီ၊ ရိုင်ယန်ဂစ်တို့ ပါဝင်လာနိုင်သည်။

ဘာစီလိုနာကွင်း

ပထမအကျော့တွင် ဘာစီလိုနာက ရီးရဲမက်ဒရစ် အိမ်ကွင်း၌ မက်ဆီ၏ ဂိုးများဖြင့် အနိုင်ရလိုက်သည်။ ဘာစီလိုနာအသင်းအတွက် အနိုင်ဂိုး နှစ်ဂိုးစလုံးကို တိုက်စစ်မှူး မက်ဆီက သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ ထိုနေ့က ယှဉ်ပြိုင်ကစားခဲ့သည့် ခြေစွမ်းကို လေ့လာသုံးသပ်ကြည့်လျှင် ဘာစီလိုနာက ရီးရဲမက်ဒရစ်ထက် ဂိုးသွင်းခွင့်ပိုရသည်။

မန်ယူ၏ အဓိက ကစားသမားများ။

ခြေစွမ်းမှာလည်း ဘာစီလိုနာက အသာရသည်။ မက်ဆီနှင့် ဗီလာတို့၏ ထိုးဖောက်တိုက်စစ်ကို ရီးရဲခံစစ်မှူးများ အကြိတ်အနယ် ကာကွယ်ကစားရသည်။

တက်ရောက်

ပထမအကျော့ခြေစွမ်းအရဆိုလျှင် ဘာစီလိုနာက အိမ်ကွင်း ဒုတိယအကျော့ကစားပြီး ဗိုလ်လုပွဲသို့ ကြော့ကြော့မော့မော့ တက်ရောက်သွားနိုင်သည်။

မန်ယူနည်းပြ ဖာဂူဆန်

အကယ်၍ ဗိုလ်လုပွဲတွင် မန်ယူနှင့် ဘာကာတွေ့ကြပြီဆိုလျှင် မန်ယူနည်းပြကြီးဖာဂူဆန်က စတုတ္ထအကြိမ်မြောက် ဥရောပချန်ပီယံလိဂ်ဖလားကြီးကို မရအရယူရန် ပြင်ဆင်ထားသည်။

အားသာချက်ပိုရှိ

*အကယ်၍ မန်ယူနှင့်ဘာစီလိုနာတို့ ဗိုလ်လုပွဲသို့ တက်ရောက်လာမည်ဆိုခဲ့လျှင် မန်ယူက ပရိသတ်အားပေးမှု အားသာချက် ပိုရှိမည်ဖြစ်သည်။ အကြောင်းမှာ ချန်ပီယံလိဂ်ဗိုလ်လုပွဲကို လာမည့် မေ ၂၈ ရက်တွင် ဝင်ဘလေကွင်းကြီး၌ ယှဉ်ပြိုင်ကစားမည် ဖြစ်သောကြောင့်ပင်ဖြစ်သည်။ ။ **(အင်တာနက်)***

ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ
တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် ဓနုဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိ/ရပ်ဖများနှင့်တွေ့ဆုံ၍ ဓနုဖြူမြို့ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေကြသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဇလွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိ/ရပ်ဖများနှင့် တွေ့ဆုံသည်။

ဆက်ကပ်လှူဒါန်း

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဧပြီ ၂၈ ရက် နံနက်ပိုင်းတွင် ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်၌ ကျင်းပသည့် မမြချောင်းတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အလယ်စုကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ ထူးကြီးဇေတဝန်ဘုန်းတော်ကြီးကျောင်း၌ ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ထူးကြီးတိုက်နယ်ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး ငွေကျပ်သိန်း ၇၀ ပေးအပ်လှူဒါန်း၍ ဆေးကုသမှုခံယူနေကြသော လူနာများအား ထောက်ပံ့ငွေများပေးအပ်သည်။ ထို့နောက် ဘုရားကွင်းကျေးရွာနှင့် ရေလဲကျေးရွာသို့ ဆက်သွယ်သော ကညင်ချောင်း စတီးကြိုးတံတား တည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် မဲဇလီကုန်း တိုက်နယ်ပြည်သူ့ဆေးရုံ ခတ်မှန်ဆောင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ လူပျိုတော်ကွင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနဖွင့်ပွဲ အခမ်းအနားနှင့် လူပျိုတော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားတို့သို့ တက်ရောက်ပြီး အလှူငွေများပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်) ဆိုင်းဘုတ်တင်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ဘုရားကြီးကျောင်းတိုက် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား သွားရောက်ဖူးမြော်ကြည်ညိုကာ မွန်းလွဲပိုင်းတွင် မြန်အောင်မြို့ နောကုန်းရုပ်ရှင်တော်မြတ်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူတော်ငွေနှင့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် မြန်အောင်မြို့ အောင်ဇေယျာခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်မိ/ရပ်ဖများနှင့်တွေ့ဆုံပြီး ကြံခင်းဘီလပ်မြေစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် ကြံခင်းမြို့နယ် ကွင်းကောက်စိုက်ပျိုးရေး စခန်းနှင့် တလိုင်းကုန်းဇက ၆၀၀ စိုက်ကွင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လေးမျက်နှာမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (CDMA-450 MHz) ရေဒီယိုစခန်းတည်ဆောက်ခြင်းလုပ်ငန်းနှင့် ငါးသိုင်းချောင်းမြို့နယ်ခွဲရှိ ဗောဓိတာကြံ့ခိုင်မှုနှင့် ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူများ နားသောတဆင်နိုင်ရန်
FM အသံလွှင့်အစီအစဉ်များ ထုတ်လွှင့်ပေးလျက်ရှိ

နေပြည်တော် မေ ၁

ပြည်တွင်း၊ ပြည်ပ သတင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များကို ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်အတွက် FM ရေဒီယိုအသံလွှင့်အစီအစဉ်များအား နယ်စပ်ဒေသအပါအဝင် ကျေးလက်ဒေသများပါမကျန် တစ်နိုင်ငံလုံးသို့ လွှမ်းခြုံထုတ်လွှင့်ပေးလျက်ရှိရာ အဆိုပါ FM အစီအစဉ်ထုတ်လွှင့်မှုများကို ဖမ်းယူနားဆင်နိုင်ရန် အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်-

မန္တလေး FM ထုတ်လွှင့်မှုအခြေအနေ

FM	ထုတ်လွှင့်သည့် ဒေသများ	ထုတ်လွှင့်ချိန် မှ	ထုတ်လွှင့်ချိန် ထိ	လှိုင်းနှုန်း	ဖမ်းယူရရှိသည့် မြို့နယ်များ
မန္တလေး FM	စစ်ကိုင်း	၀၅း၀၀	၂၃း၀၀	၈၇.၉ MHz	စစ်ကိုင်းမြို့နှင့် အနီးတစ်ဝိုက် မန္တလေးမြို့၊ အမရပူရ၊ အုန်းချော၊ စဉ့်ကူး၊ လက်ပံလှ၊ ညောင်ဝန်း၊ ပင်လယ်အင်း၊ မတ္တရာ၊ လုံးကောင်း၊ ပုသိမ်ကြီး၊ အနီးစခန်း၊ပြင်ဦးလွင်၊ ပြင်စာ၊ စဉ့်ကိုင်၊ စောရဲ၊ ကျောက်ဆည်၊ ဟန်မြင်းမိုရ်၊ မြစ်သား၊ ကူမဲ၊ ရွှေတောင်၊ ဝမ်းတွင်း၊ အင်း၀၊ တံတားဦး၊ ငါန်းဇန်း၊ မြောင်လင်းကစော၊ ပခန်းကြီး၊ ပခုက္ကူ၊ ငါန်းပြား၊ ဆီမီးခုံ၊ မြင်းခြံ၊ မြို့သာ၊ နွားဘူးအိုင်၊ နွားထိုးကြီး၊ ပြင်စည်၊ မလှိုင်၊ မိတ္ထီလာ၊ အုန်းတော၊ မြင်းမူ၊ ချောင်းဦး၊ ရွာသာကြီး၊ ဝက်လက်၊ ဆိပ်ခွန်၊ ရွှေဘို၊ မုံရွာ
	ရန်ကုန်	၀၅း၀၀	၂၃း၀၀	၈၇.၉ MHz	ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ မှော်ဘီ၊ လှည်းကူး၊ ထောက်ကြံ့၊ ထန်းတပင်၊ တွံတေး၊ ဒလ၊ ကော့မှူး၊ တိုက်ကြီး၊ လက်ခုပ်ကုန်း
	တောင်ငူ	၀၅း၀၀	၂၃း၀၀	၈၇.၉ MHz	တောင်ငူမြို့နှင့်အနီးတစ်ဝိုက် ရန်ကုန်၊ နေပြည်တော်၊ အမြန်လမ်းမကြီး၊ ရေတာရှည်၊ ဇရပ်ကြီး၊ ကရင်ကျောင်း၊ ကျွန်းကုန်း၊ အုတ်တွင်း၊ ထန်းတပင်၊ ကျွဲပွဲ
	ပျဉ်းမနား	၀၅း၀၀	၂၃း၀၀	၈၇.၉ MHz	ပျဉ်းမနားမြို့နှင့် အနီးတစ်ဝိုက် နေပြည်တော်၊ တပ်ကုန်း၊ လေ၊ သာဝတ္ထိ၊ ရေနီ၊ ရေဆင်း၊ လယ်ဝေး

ပဲခူးတော် FM ထုတ်လွှင့်မှုအခြေအနေ

FM	ထုတ်လွှင့်သည့် ဒေသများ	ထုတ်လွှင့်ချိန် မှ	ထုတ်လွှင့်ချိန် ထိ	လှိုင်းနှုန်း	ဖမ်းယူရရှိသည့် မြို့နယ်များ
ပဲခူးတော် FM	ပုသိမ်	၀၆း၀၀	၂၂း၀၀	၈၈.၉ MHz	ပုသိမ်မြို့နှင့်အနီးတစ်ဝိုက်၊ ရွှေမြင်တင်၊ ကန်ကြီးထောင့်၊ ရှမ်းရွာ၊ သာပေါင်း၊ ငပုတော၊ မြောင်းမြ၊ ကိုးဆူ၊ ဒါးက၊ ဂုဏ်မင်း၊ အိမ်မဲ၊ ကျောင်းကုန်း
	စစ်တွေ	၀၆း၀၀	၂၂း၀၀	၈၈.၉ MHz	စစ်တွေမြို့နှင့်အနီးတစ်ဝိုက်၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ သင်ပုန်းတန်း၊ ရသေ့တောင်၊ မန်ကျီးချောင်း၊ ပါဒလိပ်၊ ကုလားရွာ
	သံတွဲ	၀၆း၀၀	၂၂း၀၀	၈၈.၉ MHz	သံတွဲမြို့နယ်
	ကျောင်းကုန်း	၀၆း၀၀	၂၂း၀၀	၁၀၀.၆ MHz	ကျောင်းကုန်း၊ဇလွန်၊ရေကြည်၊ကျုံပျော်၊သာပေါင်း၊ ဓနုဖြူ၊ ကန်ကြီးဒေါင့်၊ အိမ်မဲ၊ ပန်းတနော်၊ ဝါးခယ်မ၊ လေးမျက်နှာ

ရွှေ FM ထုတ်လွှင့်မှုအခြေအနေ

FM	ထုတ်လွှင့်သည့် ဒေသများ	ထုတ်လွှင့်ချိန် မှ	ထုတ်လွှင့်ချိန် ထိ	လှိုင်းနှုန်း	ဖမ်းယူရရှိသည့် မြို့နယ်များ
ရွှေ FM	ပဲခူး	၀၅း၀၀	၂၃း၀၀	၈၉.၉ MHz	ပဲခူးတိုင်းဒေသကြီး၊သနပ်ပင်၊ဝေါ၊ကဝ
	ညောင်လေးပင်			၈၉.၅ MHz	ညောင်လေးပင်၊ဒိုက်ဦး၊ရွှေကျင်၊ကျောက်တံခါး၊ကျောက်ကြီး
	တောင်ငူ			၈၉.၈ MHz	တောင်ငူ၊ရေတာရှည်၊ဖြူး၊ထန်းတပင်၊အုတ်တွင်း
	ပြည်			၈၉.၅ MHz	ပြည်၊ပေါက်ခေါင်း၊ပန်းတောင်း၊ပေါင်းတည်၊ရွှေတောင် သဲကုန်း၊နတ်တလင်း၊ဇီးကုန်း
	ထားဝယ်			၈၉.၈ MHz	ထားဝယ်၊လောင်းလုံ၊ရေဖြူ၊သရက်ချောင်း
	မြိတ်			၈၉.၈ MHz	မြိတ်၊ကျွန်းစု
	မြဝတီ			၈၉.၈ MHz	မြဝတီ
	ဘားအံ			၈၈.၉ MHz	ဘားအံ
	မော်လမြိုင်			၈၉.၈ MHz	မော်လမြိုင်၊ ကျိုက်မရော၊ ချောင်းဆုံ၊ သံဖြူဇရပ်၊ ပေါင်၊ မုဒုံ
	ဘီးလင်း			၈၉.၅ MHz	ဘီးလင်း၊ သထုံ၊ ကျိုက်ထို
	ကော့သောင်း			၈၉.၅ MHz	ကော့သောင်းမြို့နယ်

(ဆက်လက်ဖော်ပြပါမည်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၁

ဝေါမြို့နယ် အင်းတိုင်စုကျေးရွာ၌ အေးသာယာစာကြည့်တိုက်ဆောက်လုပ်

ဝေါမြို့နယ် အင်းတိုင်စုကျေးရွာ၌ နိုင်ငံတော်ပံ့ပိုးငွေဖြင့် အေးသာယာ စာကြည့်တိုက်ကို ဆောက်လုပ်လျက်ရှိသည်။

ကူညီဖြည့်ဆည်း

အဆိုပါ စာကြည့်တိုက်ဆောက်လုပ်ရာသို့ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းအေး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးစိုးဝင်း၊ မြို့နယ်(စိုက်/ဘဏ်) မန်နေဂျာ ဦးစိုးမင်းတို့ ပါဝင်သော အဖွဲ့သည် ဧပြီ ၁ ရက် မွန်းလွဲပိုင်းက သွားရောက် ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်ဆောက်လုပ်ရေး ကော်မတီဝင်များနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်းပေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ရောင်ခြည်ဦးစာကြည့်တိုက်သစ် ရွှေကူမြို့နယ်၌ဖွင့်

ကချင်ပြည်နယ် ရွှေကူမြို့နယ် ငါးဘတ်ကြီးကျေးရွာ ရောင်ခြည်ဦး စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲနှင့် စာအုပ်စာစောင်၊ ပရိဘောဂ၊ ရန်ပုံငွေနှင့်မီဒီယာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မတ် ၂၅ ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးကျော်စိုးနိုင်နှင့် ငါးဘတ်ကြီးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးချိုဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ယာပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် စာကြည့်တိုက်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီနှင့်ဇနီး ဒေါ်ဇာကြည်ဖြိုး မိသားစုက ဆက်တီထိုင်ခုံတစ်စုံ၊ မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်က အီးဗွီဒီစက်တစ်လုံး၊ သုတရသ စာစောင်များ၊ ဒုတိယရဲမှူး လှဋ္ဌေးအောင်က ငွေကျပ်နှစ်သောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးချိုဦးနှင့် ဒေါ်မွန်ဇာဝင်းမိသားစုက ငွေကျပ်ငါးသောင်း၊ ငါးဘတ်ဝကျေးရွာ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ညွန့်က ငွေကျပ်သုံးသောင်း၊ ပုံနှိပ်လုပ်ငန်းရှင်များကိုယ်စား ဦးမင်းအောင်က ငွေကျပ်နှစ်သောင်းငါးထောင်၊ ဦးလူမြင့်နှင့်အဖွဲ့က ငွေကျပ်တစ်သောင်းငါးထောင်၊ ဦးကျော်ဆင့် မိသားစုက ငွေကျပ်သုံးသောင်းနှင့် တက်ရောက်လာသူ အလှူရှင်များက စုပေါင်းလှူဒါန်းငွေကျပ်သုံးသိန်းနှင့် သုတရသ စာအုပ် ၂၀၄အုပ်၊ ဂျာနယ်မျိုးစုံစောင်ရေ ၄၉၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

2-5 (12).pmd 1 5/2/2011, 3:44 AM

မွေးနေ့မင်္ဂလာဆုတောင်း

ချစ်သောမမကြီး မတင်မေသန်း၏ ၂-၅-၂၀၁၁ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် သက်ထက်ဆုံးတိုင် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ-

ဂုဏ်သိက္ခာကြီးမားစွာ ဘာသာ၊ သာသနာအကျိုးကို သယ်ပိုးနိုင်ပါစေ။

ငြိမ်းအေးချမ်းသာ ဘေးဘယာအပေါင်း ဝေးကွာစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်ဖေဖေ - ဦးညွန့်တင် (အကြီးတန်းအကောက်ခွန်မှူး၊ ကာကွယ်ရေး၊ငြိမ်း)
ချစ်မေမေ - ဒေါ်ကျင်သန်း
ချစ်ညီမလေး - တင်မေညွန့် (အတွတ်)
ချစ်ညီမလေး - ဗိုလ်ကြီးမျိုးမောင်မောင်ထွဋ်- ဒေါ်ညွန့်ညွန့်သန်း(ပူတီး)
ချစ်တူမလေး - ရွှေရည်မောင်မောင်
ချစ်မောင်လေး - မောင်မောင်စိုး(အံ့ကူ)
ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲမိသားစု။

ဒေါ်စနီးစုလှိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၉/တကန(နိုင်) ၁၁၇၃၃၁ သည် လုပ်ငန်းတာဝန်များကို ရှင်းလင်းအပ်နှံခြင်းမရှိဘဲ အလုပ်တာဝန်မှ တိတ်တဆိတ်ထွက်ခွာသွားသဖြင့် ကျောင်းတာဝန်ခံနှင့် လူကိုယ်တိုင်အမြန်ဆုံး လာရောက်ရှင်းလင်းရန်။

M.K.L

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

အမှတ် ၃၄၊ (၃/၄လွှာ)၊ ၈၉လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးခင်မောင်ဌေး (စာရေးဆရာကောင်းညွန့်) စာတည်း (ငြိမ်း)၊ (မြန်မာ့အလင်းသတင်းစာ)- ဒေါ်ငွေရည် (အလယ်တန်းပြ-ငြိမ်း၊ အထက-၁၊ ဒဂုံ)တို့၏သား

မောင်အောင်သိုက်
(B.Sc, Botany)
(Graphic Designer, Phoe Pyae Printing & Binding Services)

နှင့်

တိုက် ၁၆၊ အခန်း ၂၄၊ စံပြ၊ ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးမြင့်ဆွေ(တပ်/ချုပ်-ငြိမ်း)-ဒေါ်ပြုံးမွန်တို့၏သမီး

မသူသူဆွေ
[B.A(Eco)(Assistant Sales Incharge; Myanmar Kowa International Co.,Ltd.)]

တို့သည် ၁-၅-၂၀၁၁ ရက် (တနင်္ဂနွေနေ့) New Doreen Food Centre တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်သိုက်-မသူသူဆွေ။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကွမ်းခြံကုန်းမြို့၊ တောင်ဘက်ပိုင်းရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၆၀ နေ ကျွန်တော် ဦးကျော်ယဉ်-ဒေါ်လှကြည်တို့၏သမီး မအေးအေးနိုင်(ခ)မချိုမာ ၁၂/ကခက(နိုင်)၀၆၁၄၀၈သည် မိဘနှစ်ပါးကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

အဖ-ဦးကျော်ယဉ် ၁၂/ကခက(နိုင်)၀၀၂၂၁၈
အမိ-ဒေါ်လှကြည် ၁၂/ကခက(နိုင်)၀၀၂၅၂၃။

ဖူဆယ်လိဂ် (အမှတ်ပေး) ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ဖူဆယ်လိဂ် အမှတ်ပေးပြိုင်ပွဲကို ဇွန်လပထမပတ်တွင် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲကို အသင်း ၁၂ သင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အသင်းအရေအတွက် ၁၂ သင်းထက်ပိုနေပါက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပခဲ့သည့် MFF Tiger Futsal Cup 2011 ပြိုင်ပွဲမှ အမာခံအသင်းများ၊ ဌာနဆိုင်ရာအသင်းများထဲမှ အသင်းရှစ်သင်းကို ဦးစားပေးရွေးချယ်ကာ ကျန်အသင်းများကို ခြေစစ်ပွဲကစားစေပြီး ထိပ်ဆုံးလေးသင်းကို ပြိုင်ပွဲဝင်ခွင့် ပြုမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အဆိုပါပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အသင်းများအနေဖြင့် အသင်းလိုင်စင်၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊ အသင်း၏စည်းမျဉ်းစည်းကမ်း (Club Regulation)၊ စီမံခန့်ခွဲမှုအဖွဲ့နှင့် ဖွဲ့စည်းပုံ၊ အသင်း၏တည်နေရာ၊ ဖုန်း၊ ဖက်စ်၊ အသင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို၊ ရေရှည်စီမံကိန်းများ၊ လုံလောက်သော ရန်ပုံငွေများ ထားရှိရမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဦးရဲထွဋ်တင် ဖုန်း-၀၉-၅၀၁၅၅၆၁နှင့် ဦးကြည်မင်းသိန်း ဖုန်း-၀၉-၈၀၃၀၅၂၂ တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်သည်။ **(မြန်မာ့အလင်း)**

မီးသတ်တပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြု မီးဘေးကာကွယ်ရေး ဟောပြော

ရန်ကုန် မေ ၁

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧပြီ ၃၀ ရက်က မြောက်ဥက္ကလာပမြို့နယ် (က) ရပ်ကွက်၌ မြို့နယ်မီးသတ်ဦးစီးဌာနကဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့တို့ ပူးပေါင်း၍ ရပ်ကွက်နေပြည်သူများအား မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပြီး မီးသုံးစွဲမှုများကို တစ်အိမ်တက်ဆင်း စစ်ဆေးကြကြောင်း သိရသည်။ **(၁၃၅)**

ကတ်ပြားပေးအပ်

မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့သစ်ရှိ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်ခြင်းကို ဧပြီ ၉ ရက်က ကျင်းပရာ ကွတ်ခိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းနိုင်စိုးက နိုင်ငံသားအရည်အချင်းပြည့်မီသူ ၃၉ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ဦးချင်းပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း

မှုခင်းသတင်း

ဆိုင်ကယ်တိုက်သဖြင့် လူသုံးဦး ဒဏ်ရာများရရှိ

ရန်ကုန် မေ ၁

လမ်းလျှောက်နေသူအား ဆိုင်ကယ်ဖြင့်တိုက်မိ၍ ဆိုင်ကယ်မောင်းသူ၊ နောက်မှလိုက်ပါသူနှင့် လမ်းလျှောက်သူတို့ ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်တစ်ခု ဧပြီ ၂၅ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် လှိုင်သာယာမြို့နယ်၌ ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပန်းလှိုင်တံတားလမ်း၌ မြောက်မှတောင်သို့ ဝင်းမင်းထွန်း မောင်းနှင်လာသည့်ဆိုင်ကယ်သည် ပန်းလှိုင်တံတား လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်အနီး၌ အနောက်ဘက်လမ်းစပ်မှ လမ်းလျှောက်သွားနေသူ ကိုစိုးသက်ဦးအား တိုက်မိပြီး တိမ်းမှောက်သွားခဲ့သည်။ ဆိုင်ကယ် တိုက်မှုကြောင့် ဆိုင်ကယ် ပျက်စီးသွားပြီး ဆိုင်ကယ်မောင်းသူ ဝင်းမင်းထွန်း၊ ဆိုင်ကယ်နောက်မှ လိုက်ပါလာသည့် ကိုလှဆန်းနှင့် အတိုက်ခံရသူ ကိုစိုးသက်ဦးတို့ ဒဏ်ရာများရရှိကြပြီး လှိုင်သာယာဆေးရုံသို့ ပို့ဆောင်ကုသခဲ့ရသည်။

မဆင်မခြင် မောင်းနှင်မှုကြောင့် ဆိုင်ကယ်တိုက်မှုဖြစ်ပွားခဲ့ရခြင်းဖြစ်ပြီး အမှုနှင့်စပ်လျဉ်း၍ လှိုင်သာယာမြို့နယ် သောင်ကြီး ရဲစခန်းက လိုင်စင်မဲ့ဆိုင်ကယ်မောင်းနှင်သူ တွံတေးမြို့နယ် မိချောင်းဝိုင်းကျေးရွာမှ ဝင်းမင်းထွန်း (၂၉)နှစ်အား အမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင် မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

(မီးသတ်ဦးစီးဌာန)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အာဆီယံနိုင်ငံဆိုင်ရာ လေ့လာမှုဘာသာတွဲကို တက္ကသိုလ်များ၌ သင်ကြားနိုင်ရန်စီစဉ်ထား
အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ဗဟိုဌာနတစ်ခု တည်ထောင်ရန်ထောက်ခံ
မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းကောင်း နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်သွားမည်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပဉ္စမအကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁

ပဉ္စမအကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီအစည်းအဝေးကို ဧပြီ ၂၉ ရက် နံနက် ၉ နာရီတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်တည်မြဲရေး (ရာသီဥတုပြောင်းလဲမှု၊ နယ်စပ်ဖြတ်ကျော် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့်မြို့များ)၊ ပညာရေးဖွံ့ဖြိုးမှုနှင့် ပညာရေးဆိုင်ရာ ဦးစားပေးမှုနှင့် ခေတ်မီတိုးတက်ရေး၊ ကျန်းမာရေးဖွံ့ဖြိုးမှုနှင့် ကူးစက်ရောဂါများ ကာကွယ်တားဆီးကုသရေး၊ မသန်စွမ်းသူများ လူ့အဖွဲ့အစည်းတွင် ပါဝင်မှုကို အားပေးခြင်းဆိုင်ရာကိစ္စရပ်များနှင့် အာဆီယံအသိုက်အဝန်းတည်ထောင်ရာတွင် စာမျက်နှာ ၃ ကော်လံ ၁ ❖

၂၀၁၁ ခုနှစ် မိုးဦးကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

၁။ ၂၀၁၁ ခုနှစ် မိုးဦးကာလ သတ်မှတ်ခြင်း

၂၀၁၁ ခုနှစ် မိုးဦးကာလသည် မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင် မုတ်သုံလေ စတင်ဝင်ရောက်သည့်နေ့မှ ၂၀၁၁ ခုနှစ် ဇွန်လကုန်အထိ ဖြစ်ပါသည်။

၂။ ၂၀၁၁ ခုနှစ် မုတ်သုံလေ ဝင်ရောက်နိုင်မှုအခြေအနေ

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်သို့ အောက်ပါအတိုင်း ဝင်ရောက်ဖွယ်ရာရှိပါသည်-

(က) မေလ ဒုတိယ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများ

စာမျက်နှာ ၃ ကော်လံ ၁ ❍